-----------------------------------------------------------------------------------------------------

## စစ်အုပ်စု ပစ်သတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၂၂၇၃ ဦး၊ သေဒဏ်ချခံရသူ ၁၂၆ ဦးထိ ရှိလာ

Published By DVB | 12 September, 2022




မြန်မာနိုင်ငံမှာ အာဏာသိမ်း ၁ နှစ်ခွဲကျော်အကြာ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၂,၂၇၃ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၅,၆၈၉ ယောက်ထိရှိပြီလို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၁၂,၃၅၅ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၁,၄၅၄ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

တော်လှန်ရေးနဲ့ ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံထားရကာ အကျဉ်းထောင်တွေထဲ ထိန်းသိမ်းခံနေရသူအရေတွက်ကတော့ ၈၄ ယောက်ရှိနေပြီး မျက်ကွယ် သေဒဏ်ချမှတ်ခံထားရသူ ၄၂ ယောက်အပါအဝင် ၁၂၁ ယောက်ကတော့ မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရတာကြောင့် သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၂၆ ယောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။

လတ်တလောအချိန်ထိ အာမခံနဲ့ လွတ်မြောက်သူ ၂၂ ယောက်ရှိပြီး ပြန်လည်လွတ်မြောက်လာသူဦးရေကတော့ ၃,၁၁၂ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အေအေပီပီကနေ လက်လှမ်းမီသမျှ မှတ်တမ်း ပြုစုထားချက်အရ အာဏာသိမ်းချိန်ကနေ ပြီးခဲ့တဲ့ ဩဂုတ်လကုန်ထိ အကြမ်းဖက်စစ်အုပ်စုက မတရားချိပ်ပိတ်သိမ်းဆည်းခဲ့တဲ့ နေအိမ်၊ အဆောက်အဦ အရေအတွက် စုစုပေါင်း ၇၆၀ ခုထက်မနည်းရှိခဲ့တယ်လို့ ဆိုပါတယ်။

ရှမ်းပြည်နယ်၊ မိုးဗြဲမြို့ ပွဲကုန်း ၃ ရပ်ကွက်မှာ ပြီးခဲ့တဲ့ စက်တင်ဘာ ၈ ရက်မနက် ၈ နာရီအချိန်ကစတင်ကာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်အုပ်စုတပ်က လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့ရာ အဆိုပါလက်နက်ကြီး ကျည်ဟာ နေအိမ် ၁ လုံးပေါ်ကို ကျရောက်ပေါက်ကွဲခဲ့တာကြောင့် အသက် ၇ နှစ်အရွယ် ကလေး တယောက်ဟာ ရင်ဘတ်နဲ့ လက်တို့ကို ကျည်ထိမှန်ပြီး သွေးထွက်လွန်ကာ သေဆုံးသွားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်မှာ ထားဝယ်လူငယ်တွေရဲ့ တော်လှန်ရေးလှုပ်ရှားမှုသပိတ်ကော်မတီဝင် ၂ ယောက်ဖြစ်တဲ့ ကိုအောင်ကိုကိုလွင်နဲ့ ကိုဟိန်းဇေအောင်တို့ကို အကြမ်းဖက်စစ်အုပ်စုတပ်က ဖမ်းဆီးခဲ့တယ်လို့ သိရပါတယ်။ ကိုအောင်ကိုကိုလွင်ဟာ ထားဝယ်မြို့နယ်အတွင်း ပြီးခဲ့တဲ့ စက်တင်ဘာ ၉ ရက်မှာ ဖမ်းဆီးခံခဲ့ရပြီး ကိုဟိန်းဇေအောင်ကတော့ သူ့ရဲ့နေအိမ်မှာ စက်တင်ဘာ ၁၀ ရက်က ဖမ်းဆီးခံခဲ့ရတာလို့ ဆိုပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/553894

------------------------------------------------------------------------------------------

## ခမရ(၅၁၁) မှ တပ်ကြပ်ကြီးစာရေး စစ်ကောင်စီတပ်ကိုစွန့်ခွာပြီး ပြည်သူ့ရင်ခွင် ခိုလှုံ

By လွှမ်းမိုး | 12 September 2022



မဇ္ဈိမ။ ။ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ဒေသခံပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ခုသို့ ရှမ်းပြည်နယ် တီကျစ်မြို့ အခြေစိုက် ခမရ(၅၁၁) မှတပ်ကြပ်ကြီးစာရေးတစ်ဦး ခိုလှုံရောက်ရှိလာကြောင်း သိရသည်။

ကလောမြို့ လက်အောက်ခံ တီကျစ်မြို့ အခြေစိုက် ခမရ(၅၁၁) မှ ကိုယ်ပိုင်နံပါတ် (၅၆၄၈၄၉) ဖြင့် တပ်ကြပ်ကြီးစာရေး ကိုတိုးခိုင်လင်းသည် ဩဂုတ်လ ၁၇ ရက်နေ့တွင် စစ်ကောင်စီတပ်မှ စွန့်ခွာ၍ ဖခင်ဖြစ်သူ ဦးဆောင်နေသည့် ယင်းမာပင်မြို့နယ်၊ ဒေသခံပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ခုထံသို့ ခိုလှုံရောက်ရှိလာခြင်းဖြစ်သည်ဟု သိရသည်။

စစ်ကောင်စီတပ်တွင် လုပ်သက် နှစ်နှစ်ခွဲရှိပြီ ဖြစ်သည့် ကိုတိုးခိုင်လင်းသည် စစ်ကောင်စီ တပ်က ပြည်သူလူထုအပေါ် အကြမ်းဖက်နေမှုများကို ဆက်၍ သည်းမခံနိုင်တော့သည့်အတွက် စစ်ကောင်စီတပ်မှ စွန့်ခွာထွက်ပြေးခဲ့ကြောင်း ယခုကဲ့သို့ ပြောပြသည်။

"စစ်ကောင်စီတပ်က ပြည်သူလူထုအပေါ် လက်နက်အားကိုးပြီး အနိုင်ကျင့် စော်ကားတာတွေ ကိုယ်တိုင်လည်း မြင်တွေ့ကြားနေရတာဗျ။ ပြည်သူပိုင်နေအိမ်တွေကို မီးရှို့ဖျက်ဆီးမှုတွေ ၊ အမျိုးသမီးတွေ အပေါ်မှာ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုတွေ အင်မတန် ရွံစရာကောင်းပါတယ်။ ကျနော် အဖေနဲ့တော့ အဆက်သွယ်မပြတ်ခဲ့ဘူး။ အဖေက ယင်းမာပင်မြို့နယ်ထဲက လက်နက်ကိုင်ပြည်သူ့ကာကွယ်ရေး အဖွဲ့အစည်းတစ်ခုမှာ ခေါင်းဆောင်လုပ်နေတာပါ။ ကျနော်လည်း ပြန်နိုင်ဖို့အရေး ဆေးခွင့်တင်ပါတယ်။ အကြိမ်ကြိမ် ပယ်ချခံရတာပါပဲ။ မရတဲ့ နောက်ဆုံးမှာ အဖေက သူနဲ့ ချိတ်ဆက်မိတဲ့ ပြည်သူ့ကာကွယ်ရေး အဖွဲ့ခေါင်းဆောင်တွေနဲ့ လမ်းတစ်လျှောက် ချိတ်ဆက်ပေးတယ်။ အာ့လိုနဲ့ပဲ ကျနော်ထွက်လာခဲ့တာ ဖြစ်တယ်" ဟု တပ်ကြပ်ကြီး ကိုတိုးခိုင်လင်း က မဇ္ဈိမကို ပြောသည်။

ယမန်နေ့ စက်တင်ဘာလ၁၁ ရက် နေ့တွင်လည်း ဘန်ဘွေးရွာမတွင် တပ်စွဲနေသည့် စစ်ကောင်စီတပ်မှ တပ်ကြပ်ကြီး တစ်ဦး လက်နက်အပြည့်စုံဖြင့် CDM ပြုလုပ်လာကြောင်း သိရသည်။

https://www.mizzimaburmese.com/article/115166

------------------------------------------------------------------------------------------

## ဖားကန့်မြို့နယ် ရှဒူးဇွပ်ကျေးရွာတိုက်နယ်ရှိ KIA စခန်းတစ်ခုအား တပ်မတော်နှင့် ပြည်သူ့စစ်အဖွဲ့က ပူပေါင်းတိုက်ခိုက်နေပြီး လေကြောင်းတိုက်ခိုက်မှုများရှိ

PUBLISHED 12 SEPTEMBER 2022

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရှဒူးဇွပ်ကျေးရွာတိုက်နယ်ရှိ KIA ၏စခန်းတစ်ခုဖြစ်သော ဝခ စခန်းကို တပ်မတော်နှင့် ပြည်သူ့စစ်အဖွဲ့က စက်တင်ဘာ ၁၁ ရက်ညပိုင်းမှ စတင်တိုက်ခိုက်နေကြောင်း ဒေသခံများက ပြောကြားသည်။

အဆိုပါ KIA စခန်းမှာ ယခင်ရွှေမှော်ဖြစ်ပြီး လွန်ခဲ့သည့်တစ်လဝန်းကျင်ခန့်မှစ၍ စစ်ရေးတင်းမာမှုများကြောင့် ယင်းရွှေမှော်တွင် အမြဲတမ်းနေထိုင်သူမရှိတော့ကြောင်း၊ တိုက်ပွဲသည် ပြင်းထန်သည့်အခြေအနေဖြစ်ပြီး စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း လေယာဉ်ဖြင့် ပစ်ခတ်မှုများရှိကြောင်း ရှဒူးဇွပ်ကျေးရွာသားတစ်ဦးက ပြောကြားသည်။

“ရွာနဲ့က ၇ မိုင်လောက်ဝေးတယ်။ တိုက်ပွဲလေယာဉ်နှစ်ကြိမ်ရှိပြီ ဗုံးလာကြဲတာ။ လက်နက်ကြီးသံတွေလည်း ကြားနေရတယ်။ အဲဒီမှာအရပ်သား ဘယ်လောက်ကျန်တယ်ဆိုတာတော့ကျွန်တော်တို့ မသိတော့ဘူး။ ကျန်လည်းအနည်းစုပဲ။ သွားတိုက်တာကတော့တပ်နဲ့ဒေသခံ ပြည်သူ့စစ်တွေ သွားတိုက်ကြတာ” ဟု အထက်ပါရှဒူးဇွပ်ကျေးရွာသားတစ်ဦးက ပြောကြားသည်။

စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီဝန်းကျင်အထိ ပစ်ခတ်မှုများရှိနေပြီး ယင်းနေရာမှာ မြစ်ကြီးနား-တနိုင်း လီဒိုလမ်းမကြီးနှင့် နှစ်မိုင်ခန့်အကွာတွင်သာရှိသဖြင့် လမ်းမပေါ်တွင် ပစ်ခတ်မှုများဖြစ်လာမည်ကို ကားလုပ်ငန်းလုပ်ကိုင်သူများက စိုးရိမ်မှုများ ရှိနေသည်။

ရှဒူးဇွပ်ကျေးရွာဝန်းကျင်နှင့် နမ္မတီး-လဝါး-ရှဒူးဇွပ်-တနိုင်း စသည့် လီဒိုလမ်းတစ်လျှောက်လုံးတွင်လွန်ခဲ့သည့် ဩဂုတ်လဆန်းပိုင်းကတည်းက ကေအိုင်အေနှင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့တို့ အပြန်အလှန် ပစ်ခတ်မှုများရှိခဲ့သည်။

ဒေသခံပြည်သူများကို နှစ်ဖက်အဖွဲ့များက လုံခြုံရေးဗုံးခိုကျင်းများတူးကြရန် သတိပေးခဲ့ကြပြီး ဒေသခံအချို့မှာ တိမ်းရှောင်မှုများ ရှိနေခဲ့သည်။

ရှူးဒွပ်ဒေသတွင် ၂၀၂၁ ခုနှစ် မေ ၂၆ ရက်ကလည်း ပြည်သူ့စစ်ခေါင်းဆောင် ဦးမင်းဇင်သန့် နေအိမ်ကို လူတစ်စုကကားဖြင့် လာရောက်ပစ်ခတ်ရာ လာရောက်ပစ်ခတ်သူ ခုနှစ်ဦးအနက်လေးဦး သေဆုံးခဲ့သည်။

https://news-eleven.com/article/237228

---------------------------------------------------------------------------------------------------

## ဖားကန့်က KIA စခန်းနှစ်ခုကို စစ်ကောင်စီတပ် သိမ်းပိုက်

2022.09.12



ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်ဖွဲ့ဝင်တစ်ဦး။ Photo: AFP

ဖားကန့်မြို့နယ် ရှူးဒွပ်ကျေးရွာအနီးက ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တပ်စခန်းနှစ်ခုကို စက်တင်ဘာ ၁၂ ရက်နေ့မနက်ပိုင်းက စစ်ကောင်စီတပ်နဲ့ ပြည်သူ့စစ်တွေက ခြေကျင်ထိုးစစ်ဆင်ပြီး လေကြောင်းတွေနဲ့ပါ တိုက်ခိုက်ခဲ့ပြီး သိမ်းယူခဲ့တယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

"ဝခါးပိုစ့်နဲ့ ငါးဂမ်ပိုစ့် နှစ်ခု ကို တိုက်တာဟုတ်တယ်။ ငါးဂမ် ပိုစ့်က အသေးပဲ၊ လေယာဥ်နဲ့ လာပစ်တယ်။ မနက်ပိုင်း တစ်ကြိမ် နေ့လည်ပိုင်းတစ်ကြိမ် ဒီဝါရာဇွပ် နောင်မီနားမှာ ပြန်လှည့်ယူပြီး ပစ်ပစ်နေတယ်။ ဂျက်ဖိုက်တာနဲ့ တစ်ခါလာရင် လေးစီး နဲ့ လာပစ်တယ်။ သူတို့ စကစဘက်က ကလည်း ကျတာများလို့ လေယောဥ်ခေါ်လိုက်တာ ဖြစ်နိုင်တယ်။ ခြေကျင်နဲ့ ထိုးလာတာကို KIA က လမ်းမှာ တိုက်တာ။ ဝခါးပိုစ့်မှာတော့ လူမရှိတော့ဘူး။ သတင်းကြားလို့ KIA တွေက လမ်းမှာ စောင့်ပြီးတိုက်တာ။ ဝခါး ပိုစ့် ကိုတော့ မီးရှို့ပေးလိုက်ကြပြီ။ အခုစကစတွေ ထိုင်နေတယ်။ အဲမှာ ကေအိုင်အေရဲ့ အုပ်ချုပ်ရေးရုံးလည်းရှိတယ် စီးပွားရေးရုံးလည်း ရှိတယ်"

တိုက်ပွဲက မနက်ပိုင်း ၁၀ နာရီဝန်းကျင်က စတင်ဖြစ်ပွားခဲ့တာ ဖြစ်ပြီး ညနေပိုင်း ၃ နာရီထိ ဖြစ်ပွားခဲ့တာလို့ ပြောပါတယ်။ ရှူးဒွပ်ကျေးရွာမှာ ထိုင်တဲ့ ခလရ ၂၉၇ တပ်ရင်းကလည်း လက်နက်ကြီးတွေ ပစ်ကူခဲ့တယ်လို့ ဆိုပါတယ်။

ဒီနေ့ တိုက်ပွဲအခြေအနေနဲ့ ပတ်သက်ပြီး KIA သတင်းနဲ့ ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူကို ဆက်သွယ်ခဲ့ပေမယ့် ဆက်သွယ်လို့ မရသေးသလို စစ်ကောင်စီဘက်ကလည်း သတင်းထုတ်ပြန်ထားတာ မရှိသေးပါဘူး။

KIA ရဲ့ သတင်းဌာနဖြစ်တဲ့ The Kachin Net သတင်းဌာနကလည်း မနက် ၁၀ နာရီခန့်က ဝခါးပိုစ့်ရှိရာဘက်ကို မြစ်ကြီးနား က တက်လာတဲ့ ဂျက်ဖိုက်တာ လေးစီးနဲ့လာပစ်ခဲ့ပြီး စစ်ကောင်စီတပ် တပ်မ ၈၈ နဲ့ ပြည်သူ့စစ်အဖွဲ့တွေက ခြေလျင်တက်လာတာ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဝခါးပိုစ့်ဟာ အခုနှစ် ဇွန်လတုန်းက KIA သိမ်းပိုက်ယူထားတဲ့နေရာ ဖြစ်တယ်လို့လည်း ဖော်ပြထားပါတယ်။

https://www.rfa.org/burmese/news/kia-myanmar-military-09122022110855.html

---------------------------------------------------------------------------------------------

## မြဝတီ-ဝေါလေ၌ အထိနာသည့် စစ်တပ်အတွင်း အမိန့်မနာခံမှုများ ဖြစ်နေဟုဆို

By ဧရာဝတီ | 11 September 2022

ကရင်ပြည်နယ် မြဝတီမြို့တောင်ဘက်၊ မြဝတီ-ဝေါလေလမ်းပိုင်းတွင် စစ်ဆင်ရေး ဝင်နေသော စစ်ကောင်စီ တပ်မ ၄၄ လက်အောက်ခံ မုတ္တမမြို့ အခြေစိုက် ခြေမြန်တပ်ရင်း ၁၀၂ မှ စစ်သည်များ အမိန်မနာခံတော့ဘဲ ရှေ့သို့ ဆက်မတက် သဖြင့် ဗျူဟာမှူးက တောင်းပန်ကာ ပြန်ခေါ်ထားရကြောင်း အာဏာဖီဆန်ရေး လှုပ်ရှား မှု (CDM) တွင် ပါလာသည့် စစ်သားများထံမှ သတင်းရသည်။

ရှေ့တန်း စစ်မျက်နှာပြင်မှ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNU) နှင့် ဆက်သွယ်ကာ CDM ပြုလုပ် လာသော ခလရ-၈ မှ တပ်သား ဇော်ထွဋ်က "ကျော်ဝါးဖိုးကုန်းမှာတုန်းက ၁၀၂ (ခမရ-၁၀၂) က တဖွဲ့လုံး သေနတ်တွေ ဗျူဟာမှူးကို အပ်ပြီး ပြန်ဖို့လုပ်တာ ဗျူဟာမှူးက တောင်းတောင်းပန်ပန်နဲ့ မပြန်ဖို့ ပြောပြီး သူ့နားဆွဲကပ်ထားတာပေါ့။ ၁၀၂ က မတက်ရဲဘူး။ ကျနော်တို့ ခလရ- ၈ လည်း မတက်ဘူး။ အဲဒီမှာ နောက်က အတင်းဖိအားတွေ ပေးတော့ တူးအိုင်စီ (ဒုတပ်ရင်းမှူး) ဗိုလ်မှူးအောင်သူ ကိုယ်တိုင်က လက်နက်ချပြီး ပြန်မယ် လုပ်တာ" ဟု ပြောသည်။

တပ်သား ဇော်ထွဋ်မှာ မွန်ပြည်နယ် ဘီးလင်းမြို့ အခြေစိုက် အမှတ် (၈)ခြေလျင်တပ်ရင်းမှ ဖြစ်ပြီး စက်တင်ဘာလ ၉ ရက်က ရှေ့တန်း စစ်မျက်နှာပြင်မှနေ KNU နှင့် ဆက်သွယ်ကာ CDM ပြုလုပ်လာသူ ဖြစ်သည်။

ထိုကဲ့သို့ ရှေ့ဆက် မတက်ဘဲ လက်နက်ပြန်အပ်ကာ အမိန့်ကိုမနာခံတော့သည့် အမှတ် ၁၀၂ ခြေမြန်တပ်ရင်းကို တိုက် ခိုက်ရေးစစ်ကြောင်းအဖြစ် မထားတော့ဘဲ ဗျူဟာမှူး အနားတွင် တာဝန်ထမ်းဆောင်ရသည့် ဗျူဟာအရန် စစ်ကြောင်း အဖြစ် ပြောင်းလဲ တာဝန်ပေးလိုက်သည်ဟုလည်း တပ်သား ဇော်ထွဋ်က ဆိုသည်။

ထိုဖြစ်ရပ် မတိုင်ခင်က ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေး တာဝန်ယူရသည့် ဗျူဟာအရန်စစ်ကြောင်း တာဝန်အား ခလရ ၈ က တာဝန်ယူ ခဲ့သည်ဟုလည်း တပ်သား ဇော်ထွဋ်နှင့် အတူ CDM လုပ်လာသည့် တပ်သား စိုးအောင်က ဆိုသည်။

ခမရ ၁၀၂၊ ခလရ ၈ အပါအဝင် တပ်မ ၄၄ လက်အောက်ခံ တပ်ရင်း ၆ ရင်းဖြင့် ဖလူး ဝေါလေ လမ်းအတိုင်း ဖလူး ကျေးရွာမှ သေဘော့ဘိုးသို့ ချီတက်လာသော စစ်ကောင်စီ စစ်ကြောင်းများအား KNLA ပူးပေါင်း အဖွဲ့ (Cobra Column စစ်ကြောင်း) တို့က ဇူလိုင်လဆန်းပိုင်းမှ စ၍ သုံးထပ်ကွေ့ဝန်းကျင်တွင် ကြားဖြတ်တိုက်ခိုက်သည့်အတွက် တိုက်ပွဲများ စတင်ဖြစ်ပွားနေသည်မှာ နှစ်လကျော် ကြာနေပြီ ဖြစ်သည်။

"မြွေနှစ်ကောင်ကုန်းကို လုပ်ဖို့ကိုင်ဖို့ ရှိတယ်ဆိုလည်း ကျနော်တို့က မတက်တော့ဘူး။ မတက်ချင်လို့ကို ဒီကိုလာတော့ တာ" ဟု တပ်သား ဇော်ထွဋ်က ပြောသည်။

ထိုသို့ တပ်တွင်း အမိန့်မနာခံမှုများ ဖြစ်ပေါ်နေသည့် ဖြစ်စဉ်နှင့် ပတ်သက်ပြီး ဧရာဝတီက သီးခြား အတည်ပြုချက် ရယူနိုင်ခြင်း မရှိသေးပေ။

သုံးထပ်ကွေ့ ဝန်းကျင်တွင် စစ်ဆင်ရေး ဝင်နေသော တပ်မ ၄၄ လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည် များသည် ရှေ့ဆက် တိုက်ပွဲဝင်လိုစိတ် မရှိတော့သည့်အတွက် CDM ပြုလုပ်သူနှင့် ထွက်ပြေးသူဦးရေမှာ များပြား လျက်ရှိသည်။

သုံးထပ်ကွေ့ဒေသတွင် တိုက်ပွဲဖြစ်ပွားသည့်အချိန်ကစ၍ အကျအဆုံး အထိအခိုက် များသဖြင့် ခမရ ၁၀၂ မှ စစ်သည် ငါးဦးသည် ဇူလိုင်လကုန်ပိုင်းက KNU နှင့် ချိတ်ဆက်ကာ CDM ပြုလုပ်လာခဲ့ရာ ယခုဆိုလျှင် ၁၄ဦးရှိပြီဖြစ်ပြီး၊ ကျန်သူများမှာ ထွက်ပြေးသူများလည်း ရှိကြောင်းသိရသည်။

ထိုကဲ့သို့ ရှေ့တန်းမှ ထွက်ပြေးသူ CDM ပြုလုပ်သူနှင့် အထိအခိုက် အကျအဆုံး များနေသည့်အတွက် တပ်မ ၄၄ တပ်မမှူးနေရာတွင် ပခုက္ကူမြို့ အခြေစိုက် တပ်မ ၁၀၁ တပ်မမှူးနှင့် ဩဂုတ်လကုန်ပိုင်းက ပြောင်းလဲ တာဝန်ပေးခဲ့သည်။

သုံးထပ်ကွေ့ဝန်းကျင်သို့ တက်လာသော စစ်ကောင်စီ စစ်ကြောင်းအား ကော်ဘရာစစ်ကြောင်းမှ ခုခံ တိုက်ခိုက်နေသည့်အတွက် နှစ်လကျော်အတွင်း တောင်ကုန်း တကုန်းသာ စစ်ကောင်စီဘက်က သိမ်းယူနိုင်ခဲ့သေးသည်။

စစ်ကော်စီတပ်အနေဖြင့် သုံးထပ်ကွေ့ ဝန်းကျင်မှ သေ့ဘောဘိုးနယ်မြေ စိုးမိုးမှု ရရှိရန် ကြားတွင် တိုက်ခိုက်ရမည့် စခန်းကုန်း ၆ ကုန်း ကျန်ရှိနေသေးသည်။

စက်တင်ဘာ ၉ ရက်တွင်လည်း မြဝတီ-ဝေါ်လေ ကားလမ်းမအတိုင်း ဝင်ရောက်လာသည့် အာဏာသိမ်း စစ်ကောင်စီ၏ တပ်မ ၄၄ လက်အောက်ခံ ခမရ (၁၀၂) ဗိုလ်ကြီး ရဲရင့်မောင် ဦးစီးသော တပ်ဖွဲ့ဝင် ၆ ဦးကို လက်နက်ခဲယမ်းများနှင့် တကွ ဖမ်းဆီးရမိကြောင်း ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) လက်အောက်ခံ ကော်ဘရာစစ်ကြောင်းက ဓာတ်ပုံနှင့် တကွ သတင်း ထုတ်ပြန်လာသည်။

https://burma.irrawaddy.com/news/2022/09/11/254446.html

-----------------------------------------------------------------------------------------

## Cobra စစ်ကြောင်းမှ ဖမ်းဆီးရမိသည့် စစ်ကောင်စီတပ်မှ စစ်သုံ့ပန်းများက နေရပ်သို့ ပြန်မလွှတ်ရန် တောင်းဆို

By မဇ္ဈိမ | 12 September 2022



မဇ္ဈိမ။ ။ကရင်ပြည်နယ် KNU တပ်မဟာ(၆) ထိန်းချုပ်နယ်မြေအတွင်းရှိ မြဝတီခရိုင် လေးကော့ကော်ဒေသ၊ ဖလူးဒေသတို့ကို ထိန်းချုပ်ထားသည့် KNU-KNLAတပ်ရင်း (၂၇) လက်အောက်ခံ cobra စစ်ကြောင်းမှ ဖမ်းဆီးရမိသည့် စစ်ကောင်စီတပ်မှ စစ်သုံးပန်းများက ၎င်းတို့ကို နေရပ်ပြန်မလွှတ်ရန် တောင်းဆိုမှုများရှိကြောင်း သိရသည်။

cobra စစ်ကြောင်းသည် ဖမ်းဆီးခံရသည့် စစ်သုံးပန်းများ၏ တောင်းဆိုချက်များအတိုင်း မိသားစုကို ဆက်သွယ်နိုင်ရန် ကူညီပေးခဲ့ကြောင်း သိရသည်။ cobra တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အားလုံးသည် ဂျီနီဗာ ကွန်ဗင်းရှင်းနှင့် ပြည်သူ့ကာကွယ်ရေး တပ်မတော်စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာကြောင်း cobra စစ်ကြောင်း ပြန်ကြားရေးတာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

“စစ်သုံ့ပန်းတွေကို ကျွန်တော်တို့ အခြေနေတစ်ခုရောက်တဲ့ အခါမှာ စကား ပြောကြည့်ပါတယ်။ ဒါပေမယ့်သူတို့အကုန်လုံးက ပြန်ချင်လိုစိတ်မရှိကြဘူး။ ဘာကြောင့်လဲ ဆိုတော့ ပြန်တဲ့အခါ သူတို့သည် စစ်ကြောရေးပြန်ဝင်ရမယ်။ ဖမ်းဆီးတာလည်း ခံရမယ်။ နောက်ပြီးရင် စစ်ထောင်ကလည်း ဘယ်နှစ်နှစ် ကျမယ် မသိဘူး။ သူတို့ အခုလုပ်တဲ့ အမှုကလဲ တော်တော်ကြီးတယ်ဆိုတော့။ နောက်ပြီးတော့ သူတို့မိသားစုတွေ လိုင်းခန်းကနေ နှင်ချခံရဦးမယ်။ သူတို့ဘဝကြီးက ပြီးသွားပြီ။ အလုပ်ကလဲပြုတ်ပြီ။ အဲ့ဒီ အတွက် သူတို့ပြန်လဲ ဘာမှ မထူးဘူး။ ကျွန်တော်တို့ဆီမှာကလဲ သူတို့ကို နှိပ်စက် သတ်ဖြတ်တာ မရှိဘူး။ အဲ့ဒီအတွက် သူတို့က ကျွန်တော်တို့နဲ့ပဲ နေလိုတဲ့ ဆန္ဒရှိတာပေါ့နော်”ဟု cobraစစ်ကြောင်း ပြန်ကြားရေးတာဝန်ခံ ကိုမျိုးသူရကိုကိုကပြောသည်။

စစ်တပ်မှ အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဒေါနတောင် အရှေ့ခြမ်း လေးကေ့ကော်ဒေသကို ကျူးကျော်စစ် စတင်ပြုလုပ်ခဲ့သည့်အချိန်မှစ၍ cobraစစ်ကြောင်းသည် လေးကေ့ကော်ဒေသ၊ ဖလူးဒေသ၊ မြဝတီ-ဝေါလေကားလမ်းမ သုံးထပ်ကွေ့တို့တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများမှ ဗိုလ်ကြီးအပါအဝင် စစ်ကောင်စီ တပ်သား ၂၀ ကျော်ကိုဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့က လူသတ်ကောင်တွေမဟုတ်ဘူး။ လူသတ်စက်တွေမဟုတ်ဘူး။ ဖက်ဆစ်ကို တော်လှန်ရင်းနဲ့ ကျွန်တော်တို့ ကိုယ်တိုင် ဖက်ဆစ်ဖြစ်မသွားလိုဘူး ။ ကျွန်တော်တို့နဲ့ အခုတိုက်ခိုက်နေတဲ့ ဖက်ဆစ်စစ်တပ်ဟာ ဖက်ဆစ်စစ်တပ်ကနေ ပေါက်ဖွားလာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ ကာကွယ်ရေးတပ်မတော် နောင် ဖက်ဒရယ်တပ်မတော်ဖြစ်လာမယ့် ကျွန်တော်တို့က သူတို့ကို နာကျည်းလို့ ဖက်ဆစ် ဖြစ်သွားတဲ့ စစ်တပ်လိုမျိုး သူတို့ပြုမူတဲ့အတိုင်းသာ ပြုမူခဲ့ရင် အနာဂါတ် ဖက်ဒရယ်တပ်မတော်ကလည်း ဖက်ဆစ်စစ်တပ်ပဲ ပြန်ဖြစ်သွားပါလိမ့်မယ်။ ဒါဆိုရင် ကျွန်တော် တို့တော်လှန်ရေးဟာဘာအဓိပ္ပါယ်မှ ရှိမှာမဟုတ်ပါဘူး" ဟု cobraစစ်ကြောင်း ပြန်ကြားရေး တာဝန်ခံ ကိုမျိုးသူရကိုကိုက ပြောသည်။

Cobra စစ်ကြောင်းသည် ပြီးခဲ့သည့် စက်တင်ဘာလ ၉ ရက်နေ့က စစ်ကောင်စီမှဗိုလ်ကြီးရဲရင့်အောင် ဦးဆောင်သော တပ်ဖွဲ့ဝင် ခြောက်ဦးကို လက်နက်ခဲယမ်း အများအပြားနှင့်အတူ မြဝတီ-ဝေါလေကားလမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

စစ်ကောင်စီတပ်သားများအနေဖြင့် ပြည်သူနှင့်အတူ လာရောက်ပူးပေါင်းလိုပါက cobra စစ်ကြောင်းကို ဆက်သွယ်နိုင်ပြီး ကြိုဆိုလျက်ရှိကြောင်း cobraစစ်ကြောင်း ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

https://www.mizzimaburmese.com/article/115209

-----------------------------------------------------------------------------------------------

## လေးကေ့ကော်မြို့သစ်တွင် တိုက်ပွဲဖြစ်

Published By DVB | 12 September, 2022



ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ လေးကေ့ကော်မြို့သစ်မှာ စစ်ကောင်စီတပ်နဲ့ ကော်ဘရာစစ်ကြောင်းတို့ စက်တင်ဘာ ၁၁ ရက် ညပိုင်းက ပစ်ခတ်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။

KNLA တပ်ရင်း ၂၇၊ ကော်ဘရာစစ်ကြောင်း တပ်ခွဲ ၁ လုံခြုံရေးတာဝန်ယူထားတဲ့ လေးကေ့ကော်မြို့သစ် ရပ်ကွက် ၆ မှာ နယ်မြေကျူးကျော်ဖို့ ကြိုးစားနေတဲ့ စစ်ကောင်စီတပ်ဖွဲ့နဲ့ မနေ့ည ၈ နာရီခွဲလောက်ကနေ ၁၀ နာရီလောက်အထိ တိုက်ပွဲဖြစ်ပွားခဲ့တာလို့ ကော်ဘရာစစ်ကြောင်းက သတင်းထုတ်ပြန်ပါတယ်။

အဆိုပါ တိုက်ပွဲတွင်းစစ်ကောင်စီတပ်က လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ပေမယ့် ကော်ဘရာစစ်သည်တော်တွေတစုံရာ ထိခိုက်မှု မရှိခဲ့သလို စစ်ကောင်စီဘက်က ထိခိုက်၊ သေဆုံးမှု အရေအတွက်ကိုလည်း မသိရသေးဘူးလို့ဆိုပါတယ်။

ဒါ့အပြင် အခုမနက်အစောပိုင်းမှာလည်း မြဝတီ - ဝေါလေ ကားလမ်းမပေါ်က ကျော်ဝါးဘိုးကုန်းမှာ အခြေပြုထားတဲ့ စစ်ကောင်စီတပ်ဖွဲ့က ၁၂၀ မမ လက်နက်ကြီးတွေနဲ့ ကော်ဘရာစစ်ကြောင်း ပူပေါင်းတပ်ဖွဲ့တွေကို မနက် ၁

နာရီလောက်ကနေ ၃ နာရီလောက်ထိ ၁ ကြိမ်၊ ၉ နာရီလောက်ကနေ ၁၁ နာရီခွဲလောက်ထိ ၁ ကြိမ် ပစ်ခတ်ခဲ့တယ်လို့သိရပါတယ်။

လတ်တလောမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့် အရ ပြည်သူ့ ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။

ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယား(ကရင်နီ) ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်း စတဲ့ ဒေသတွေမှာ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်တွေ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်တွေနဲ့ စစ်ကောင်စီတပ်တွေကြား တိုက်ပွဲတွေနေ့စဉ်ပြင်းထန် ဖြစ်ပွားနေတာပါ။

မနေ့က စက်တင်ဘာ ၁၁ ရက် တရက်တည်း ဖြစ်ပွားခဲ့တဲ့တိုက်ပွဲတွေမှာ စစ်ကောင်စီ တပ်ဖွဲ့ဝင်အယောက် ၅၀ လောက် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

ခုထုတ်ပြန်ထားတဲ့ အချက်အလက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၁၁ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

NUG အစိုးရကတော့ ပြည်သူ့ခုခံတွန်းလှန်စစ်ပွဲစတင်ခဲ့တဲ့ ၁ နှစ်အတွင်း အကြမ်းဖက် စစ်ကောင်စီဘက်က တပ်ဖွဲ့ဝင်ပေါင်း ၂၀,၁၅၀ ကျော်သေဆုံးကာ ဒဏ်ရာရသူ ၇၀၀၀ ကျော်လောက်ရှိလာပြီး စစ်ကောင်စီ စိုးမိုးအုပ်ချုပ်နိုင်တဲ့နေရာဟာ တိုင်းပြည်နယ်မြေ အကျယ်အဝန်းရဲ့ ထက်ဝက်တောင် မရှိတော့ဘူးလို့ NUG ယာယီသမ္မတ ဒူဝါလရှီးလက ပြောထားပါတယ်။

https://burmese.dvb.no/archives/553803

----------------------------------------------------------------------------------------------------

## လူသားဒိုင်းအဖြစ် ဖမ်းဆီးထားသည့် ဘဝင်ပင်ရွာသား ၁၀၀ ခန့်ကို တစ်ပတ်ကြာအထိ ပြန်မလွှတ်သေး

စက်တင်ဘာ ၁၂ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ



Photo: CJ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဘဝင်ပင်ကျေးရွာတွင် ဝင်ရောက်တပ်စွဲနေသည့် စစ်ကောင်စီတပ်က လူသားဒိုင်းအဖြစ် ဖမ်းဆီးထားသည့် ဒေသခံ ရွာသား (၁၀၀)ခန့်ကို တစ်ပတ်ကြာအထိ ပြန်မလွှတ်သေးကြောင်း ဒေသခံများထံမှ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလ(၆)ရက်နေ့တွင် စစ်ကောင်စီတပ်နှင့် နယ်မြေခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)ကြား ဘဝင်ပင်ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်ဘက်မှ ပြည်သူလူထုနှင့် အကာအကွယ်ယူရန်အတွက် ဒေသခံရွာသား အယောက်(၁၀၀)ခန့်ကို ဖမ်းဆီးထားခြင်းဖြစ်သည်ဟု ဒေသခံတစ်ဦးက ယခုလို ပြောသည်။

“ဖမ်းထားတဲ့လူတွေကို လွှတ်လာတာမတွေ့သေးဘူး။ နိုပ်စက်တာလည်းရှိတယ်လို့ ကြားတယ်။ ရွာထဲမှာက PDF ဝင်တာများတော့ အဲဒါကြောင့် ရွာကို ပိုနှိပ်စက်တယ်။ စစ်သားတွေက အိမ်ပေါ်အထိ ပစ္စည်းတက်ယူတာ။

သူတို့အတွက် မလိုအပ်တဲ့ပစ္စည်းတွေဆိုရင် ဖျက်ဆီးပစ်တယ်။ တန်းဖိုးကြီးပစ္စည်းတွေကိုယူတယ်။ ရွာက တော်တော်စုတ်ပြတ်သတ်ကုန်ပြီး”ဟု ကေအိုင်စီသို့ပြောသည်။

တပ်ဖွဲ့ဝင်အား ၁၀၀ ဝန်းကျင်ခန့်ရှိပြီး ကျေးရွာထဲဝင်ရောက်တပ်စွဲနေထိုင်သည့် အဆိုပါ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ဒေသခံ ပြည်သူလုထုများကို လိုက်လံဖမ်းဆီးမှုရှိသည့်အပြင် နယ်မြေခံ PDF အဖွဲ့နှင့်လည်း တိုက်ပွဲမကြာခဏဖြစ်ပွားသည့်အတွက် ဒေသခံရွာသားများမှာ ကျေးရွာတွင် မနေထိုင်ရဲတော့ဘဲ ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု သိရသည်။

နယ်မြေခံ PDF ပြောခွင့်ရသူတစ်ဦးက “ ဒီလ ၁ ရက်နေ့က ပစ်ကြတယ်။ ၁ ရက်နေကလည်း တစ်နေကုန်ပစ်တယ်။ ပြီးတော့ (၆)ရက်နေ့မှာလည်း ဖြစ်တယ်။ သူတို့ကိုပစ်ရင် ရွာရော၊ ရွာသားတွေရော အကုန်မီးရှို့ သတ်ပစ်မယ်ပြောတော့ ကျနော်တို့ဘက်က ဘာမှဆက်လုပ်လို့မရဘူး ရှောင်နေရတယ်။ ရွာသားတွေလည်း စားဝတ်နေရေးအခက်အခဲရှိလာတယ်။ ကူညီလို့ရရင် ကူညီပေးကြဖို့ တောင်းဆိုချင်ပါတယ်”ဟု ပြောသည်။

ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံပြည်သူအချို့သည် တောတောင်ထဲရှိ ဥယျာဉ်ခြံထဲတွင် တိမ်းရှောင်နေကြရပြီး လက်ရှိအချိန်တွင် မိုးများကာလဖြစ်၍ နေထိုင်ရေးအမိုးအကာအခက်အခဲရှိသည့်ပြင် ရက်ပေါင်းကြာလာသည့်အမျှ စားနပ်ရိက္ခာအတွက်လည်း ပိုမိုခက်ခဲလာသည်ဟု ဒေသခံ၏ ပြောဆိုချက်အရ သိရသည်။

https://kicnews.org/2022/09/လူသားဒိုင်းအဖြစ်-ဖမ်းဆ-2/

----------------------------------------------------------------------------------------------------

## မောင်တောမြောက်ပိုင်း အေအေက စခန်းတွေသိမ်းထားပြီး တိုက်ပွဲတွေ အပြင်းအထန်ဖြစ်

၁၂ စက်တင်ဘာ ၂၀၂၂



ဓာတ်ပုံ ပုံစာ, မောင်တောမှာ စစ်ကောင်စီ စခန်း ၂ ခုအသိမ်းခံထားရ ပြီးတိုက်ပွဲတွေ ဖြစ်နေ (ပုံအဟောင်း)

ရခိုင်ပြည်နယ်မောင်တောမြောက်ပိုင်းက စစ်ကောင်စီတပ်စခန်းနှစ်ခုကို အေအေဘက်က သိမ်းပိုက်ထားပြီး တိုက်ပွဲတွေဆက်လက်ဖြစ်ပွားနေတာကြောင့် ဒေသခံကျေးရွာသားတွေလည်း ထွက်ပြေးနေကြတယ်လို့ ဒေသခံတွေက တစ်ဆင့်သိရပါတယ်။

မောင်တောမြို့နယ်အတွင်း စစ်ကောင်စီနဲ့ ရက္ခိုင့်တပ်တော် အေအေတို့လက်ရှိဖြစ်ပွားနေတဲ့တိုက်ပွဲတွေက ရှေ့ဆက် ပြင်းထန်လာနိုင်တဲ့အခြေအနေရှိနေတယ်လို့လည်း ဒေသခံတွေက ပြောဆိုကြပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လ ၂ ရက်နေ့ကတည်းက ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှာ ရက္ခိုင့်တပ်တော် အေအေနဲ့ စစ်ကောင်စီတို့အကြား တစ်ကျော့ပြန်တိုက်ပွဲတွေ ဖြစ်ပွားနေကြတာပါ။

လက်ရှိမှာတော့ စစ်ကောင်စီရဲ့ အခိုင်အမာ ခြေကုတ်ယူထားတဲ့ တပ်စခန်းနှစ်ခုကို အပြီးသတ်သိမ်းပိုက် နိုင်ခဲ့ပြီဖြစ်တယ်လို့ အေအေဘက်က စက်တင်ဘာ ၁၁ ရက်နေ့မှာ နောက်ဆုံး ထုတ်ပြန်ထားပါတယ်။



ဓာတ်ပုံ ပုံစာ, မောင်တောမြို့နယ် နယ်စပ်မှာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တစ်ဦး (ပုံအဟောင်း)

ဘင်္ဂလားဒေ့ရှ်နယ်စပ် မိုင်တိုင်အမှတ် ၄၀ မှာရှိတဲ့ စစ်ကောင်စီ တပ်စခန်းတစ်ခုကိုလည်း ဩဂုတ်လ ၃၁ ရက်နေ့ကသိမ်းပိုက်ခဲ့ပြီး လောင်းဒုံကျေးရွာအနီး ဂုတ်ပီကျော်လမ်းမှရှိတဲ့ ခမရ ၃၅၂ တပ်ရင်း စခန်းကုန်းကို စက်တင်ဘာ ၁၀ ရက်နေ့က သိမ်းပိုက်ခဲ့တယ်လို့ သိရပါတယ်။

အခုလို စခန်းသိမ်းတိုက်ပွဲတွေ အပြင်းအထန် ဖြစ်ပွားနေကြသလို လက်နက်ကြီး ပစ်ခတ်တာတွေ လေကြောင်း စစ်ဆင်ရေးတွေကိုပါ အသုံးပြုလာနေတာကြောင့် ဒေသခံကျေးရွာသားတွေဟာ မောင်တောမြို့ပေါ်အထိ ထွက်ပြေးရောက်ရှိလာ နေကြပါတယ်။

"တိုက်ပွဲတွေက ထပ်ပြီး ပြင်းလာဖို့ရှိတယ်၊ ထွက်ပြေးဖို့ကလည်း ပြေးစရာနေရာမရှိတော့ဘူး"လို့ လက်ရှိ မောင်တာမြောက်ပိုင်း တိုက်ပွဲအခြေအနေတွေနဲ့ ပတ်သက်လို့ ထွက်ပြေးနေရတဲ့ ခမောင်းဆိတ် ဒေသခံတစ်ဦး ပြောပြပါတယ်။

ဒါ့အပြင် အေအေဘက်က သိမ်းယူထားတဲ့ တပ်စခန်းနှစ်ခုအပြင် ဘင်္ဂလားဒေ့ရှ်နယ်တစ်လျှောက်မှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ ကိုယ်တိုင် စွန့်လွှတ်ဆုတ်ခွာခဲ့ကြရတဲ့ တပ်စခန်း ၁၀ ခုလောက်အထိ ရှိနေတယ်လို့ မြေပြင်သိရှိသူတွေရဲ့ ပြောပြချက်အရ သိရပါတယ်။

မောင်တော ဒေသ တိုက်ပွဲသတင်းနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်တာ မတွေ့ရသေးပါဘူး။

လက်ရှိအခြေအနေအရ မောင်တောမြို့နယ်အတွင်းဖြစ်ပွားနေတဲ့ တိုက်ပွဲတွေဟာ ပိုပြီး ပြင်းထန်လာနိုင်သလို စစ်ရေးအရ အဲ့ဒီဒေသဟာ စိုးရိမ်ရစရာအခြေအနေကို ရောက်သွားနိုင်တယ်လို့ ရခိုင်ဒေသခံတွေက သုံးသပ်ကြပါတယ်။

"မောင်တောက စစ်ဘက်ဆိုင်ရာအရ စစ်ကောင်စီဘက်က အရေးကြီးတဲ့နေရာဖြစ်လို့ စခန်းချထားတဲ့နေရာဖြစ်တယ်၊တစ်ဖက်ကလည်း အရင်နဲ့မတူဘဲ နယ်စပ်ကအရေးကြီးတဲ့စခန်းကို သိမ်းနိုင်တယ်ဆိုတာကို ချပြချင်တာလည်းပါမယ် "လို့ တိုက်ပွဲတွေ ပြင်းထန်နေရလဲ ဆိုတာနဲ့ပတ်သက်လို့ ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ဒါရိုက်တာ ဦးခိုင်ကောင်းစံက သုံးသပ်ပါတယ်။




ဓာတ်ပုံ ရင်းမြစ်,AFP/GETTY IMAGES

ဒေသတွင်း အခြေအနေတွေကြောင့် မောင်တောမြို့ပေါ်ကို ထွက်ပြေးရောက်ရှိလာခဲ့တဲ့ စစ်ဘေးရှောင်ဦးရေ ၈၀၀ လောက်ရှိနေပြီး တချို့ကျေးရွာသားတွေဟာ သူတို့ရဲ့ နေရပ်ကျေးရွာတွေကိုလည်း ပြန်သွားလို့မရတော့သလို မြို့ပေါ်ကိုလည်း မရောက်လာနိုင်ကြတော့ဘဲ ကျေးရွာတွေမှာ အခက်အခဲတွေနဲ့ ကြုံနေကြရတယ်လို့ ပြောဆိုကြပါတယ်။

လက်ရှိ ဖြစ်ပွားနေတဲ့နေရာတွေဟာ မောင်တာမြို့နယ် မြောက်ပိုင်းက မိုင်တိုင်အမှတ် ၄၀ အနီးဝန်းကျင်နေရာတွေနဲ့ ခမောင်းဆိတ်၊ ကြိမ်ချောင်းအနီးဝန်းကျင်တွေ ဖြစ်ပြီး အဲ့ဒီက ဒေသခံကျေးရွာသားတွေဟာ တိုက်ပွဲတွေကြားထဲ ရောက်ရှိနေကြတာဖြစ်ပါတယ်။

စစ်ရေး တင်းမာမှုတွေမြင့်တက်နေတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းက မောင်တောဒေသခံပြည်သူတွေအနေနဲ့ သေရေးရှင်ရေး ကိစ္စတွေကလွဲပြီး ခရီးသွားလာတာတွေ မလုပ်ကြဖို့ ရက္ခိုင့်တပ်တော်(အေအေ)က ဩဂုတ်လ ၂၃ ရက်၊ ဒီကနေ့ မွန်းလွဲပိုင်းမှာပဲ ကြေညာချက်ထုတ်ပြန်ပြီး သတိပေးခဲ့ပါတယ်။

ဒေသခံ ပြည်သူအချို့ဆိုရင်လည်း စစ်ကောင်စီတပ်တွေနဲ့ နယ်ခြားစောင့်တပ်တွေရဲ့ ဖမ်းဆီးတာ ရင်ဆိုင်နေကြရပြီး ဒေသခံတွေ ငတ်မွတ်ခေါင်းပါးတဲ့ အခြေအနေကို ရောက်ရှိလာနေတဲ့အထိ အသွားအလာနဲ့ ရိက္ခာသယ်ယူခွင့်တွေ ပိတ်ထားတာဟာ စစ်ကောင်စီက ဒေသတွင်း ဖြတ်လေးဖြတ်အဖြစ် ဖန်တီးနေတယ်လို့ အေအေဘက်က စွပ်စွဲပြောဆိုထားပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ မဖြစ်မနေ ခရီးသွားလာကြရမယ်ဆိုရင်လည်း နယ်မြေရှံုးတွေကို အကြောင်းကြားပြီးမှ သွားလာကြဖို့နဲ့ ခရီးသွားပြည်သူတွေကို ရက္ခိုင့်ပြည်သူ့ အစိုးရအဖွဲ့အနေနဲ့လည်း အကူအညီပေးကြဖို့ ULA က ညွှန်ကြားထားပြီးဖြစ်တယ်လို့ ထုတ်ပြန်ထားခဲ့ပါတယ်။

https://www.bbc.com/burmese/articles/c90n9j1501jo

---------------------------------------------------------------------------------------------

## မောင်တောမှာ တိုက်ပွဲကြောင့် ဒေသခံ ရှစ်ရာကျော် မြို့ပေါ်ထွက်ပြေးရ

2022.09.12



မောင်တောမြို့နယ်၊ အောင်ဗလ ဘုန်းကြီးကျောင်းကို ရောက်ရှိနေသည့် စစ်ဘေးဒုက္ခသည်တွေကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့က တွေ့ရစဉ်။ Photo: Citizen Journalist

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြောက်ပိုင်းမှာ ဒီရက်ပိုင်း စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ တိုက်ပွဲတွေ ပြင်းထန်နေတာကြောင့် ဒေသခံရှစ်ရာကျော် မောင်တောမြို့ပေါ်ကို ထွက်ပြေးလာကြတယ်လို့ ကူညီဆောင်ရွက်ပေးနေသူတွေက RFA ကို ဒီကနေ့ပြောပါတယ်။

ခမောင်းဆိပ်၊ ရန်အောင်ပြင်၊ မီးတိုက်အပါအဝင် ရွာပေါင်း ၁၀ ရွာကျော်က ဒေသခံတွေ ထွက်ပြေးလာကြတာဖြစ်ပြီး မောင်တောမြို့ သာသနာ့ဗိမာန်၊ အောင်ဗလဘုန်းကြီးကျောင်း အပါအဝင် နီးစပ်ရာ ကယ်ဆယ်ရေး စခန်းတွေမှာ ခိုလှုံနေကြရတယ်လို့လည်း ဆိုပါတယ်။

ဒီရက်ပိုင်း တိုက်ပွဲပြင်းထန်ပြီး စစ်ကောင်စီတပ်က လက်နက်ကြီးအပြင် ဂျက် တိုက်လေယာဉ်နဲ့ပါ ပစ်ခတ်တာကြောင့် ထွက်ပြေးလာတာလို့ အမည်မဖော်လိုတဲ့ ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

"ပြီးခဲ့တဲ့လကတည်းက နည်းနည်း နည်းနည်း ထွက်ပြေးနေကြတာ။ အခုရက်ပိုင်းက ပိုများလာတာပေါ့။ အခုဆိုရင် မောင်တောမြို့ပေါ်မှာတင် ရှစ်ရာကျော်သွားပြီ။ တခြား နီးစပ်ရာတွေမှာလည်း ခိုလှုံနေကြတယ်။ အဓိကတော့ လက်နက်ကြီးတွေ၊ လေယာဉ် လက်နက်တွေ ရွာအနားမှာ ကျတယ်။ အဲဒါကြောင့် မနေနရဲကြတော့လို့ ပြေးလာကြတာပေါ့"

စစ်ဘေးဒုက္ခသည်တွေကတော့ လက်ရှိ ဖြစ်သလိုနေထိုင်နေကြရပြီး အထောက်အပံ့တွေ မရရင် အချိန်ကြာလာတာနဲ့အမျှ အခက်အခဲတွေ ဖြစ်လာနိုင်တယ်လို့လည်း ကူညီ ပေးနေသူတွေက ပြောပါတယ်။

မောင်တောမြို့နယ် မြောက်ပိုင်းမှာ ပြီးခဲ့တဲ့ ဇူလိုင်လ ၁၈ ရက်နေ့ကစပြီး စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ တိုက်ပွဲ အပြင်းအထန် ဖြစ်နေတာပါ။

စက်တင်ဘာ ၁၀ ရက်နေ့ကလည်း မောင်တောမြောက်ပိုင်းမှာရှိတဲ့ စစ်ကောင်စီတပ် ခမရ (၃၅၂) ရဲ့ စခန်းကုန်း တစ်ခုကို သိမ်းပိုက်နိုင်ခဲ့ပြီး တပ်သား လေးဦးနဲ့ လက်နက်ခဲယမ်း အများအပြား ဖမ်းဆီးရမိတယ်လို့ AA က သတင်းထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/morethan-800-people-are-fleeing-in-maungtaw-09122022051634.html

-------------------------------------------------------------------------------------------

## အေအေထံ ခိုလှုံလာသည့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၅ ဦးအထိရှိလာ

Published By DVB | 12 September, 2022



ဓာတ်ပုံ - ရှေ့တန်းစစ်မြေပြင်၌ တာဝန်ထမ်းဆောင်နေရသည့် စစ်ကောင်စီ လက်နက်ကိုင်တပ်များအား တွေ့ရစဉ်။

ရခိုင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့် တပ်သားတွေနဲ့ စစ်သားတွေ ရက္ခိုင့်တပ်တော် (အေအေ) အဖွဲ့ဆီ ခိုလှုံလာတာ အခုလ စက်တင်ဘာ ၁၂ ရက်နေ့အထိ ၅ ဦးရှိလာပြီလို့ စစ်ရေးလေ့လာသူတွေဆီက သိရပါတယ်။

စစ်ရေးအားလေ့လာသူတဦးက "ဟုတ်ပါတယ်။ စစ်ကောင်စီ လက်နက်ကိုင်တပ်သားတွေ အေအေဘက်ကို လက်နက်မဲ့ ခိုလှုံတာ။ စက်တင်ဘာ ၁၂ ရက်နေ့အထိ ၅ ဦးရှိလာတယ်။ ရသေ့တောင်မှာ ၃ ဦး၊ ကျောက်တော်မှာ ၂ ဦး၊ စုစုပေါင်း ၅ အထိ ရှိနေတယ်။ နောက်အနာဂတ်မှာ ဒီထက်ပိုများလာနိုင်တယ်" လို့ ပြောပါတယ်။

ကျောက်တော်မြို့ပေါ်မှ ၈ မိုင်ခန့်အကွာ မဟာမုနိဘုရားပေါ် တပ်စွဲထားတဲ့ စစ်ကြောင်းမှ စစ်သား ၂ ဦး စက်တင်ဘာ ၁၀ ရက်နေ့ ညနေ ၃ နာရီခွဲလောက်က လက်နက်မဲ့ ထွက်ပြေးသွားကာ အေအေဆီ ခိုလှုံခဲ့ပြီး ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာအဝင်ရှိ ဘုရားတောင်မှာ တပ်စွဲထားတဲ့ နယ်ခြားစောင့်တပ်က အရာရှိတဦးနဲ့ တပ်သားနှစ်ဦးတို့လည်း စက်တင်ဘာ ၆ ရက်နေ့က ရက္ခိုင့်တပ်တော်ဆီ လက်နက်မဲ့ ထွက်ပြေးခိုလှုံခဲ့ကြတာလို့ ဆိုပါတယ်။

အခုလို စစ်ကောင်စီလက်အောက်ခံ လက်နက်ကိုင်တပ်တွေ အေအေဘက်ကို ထွက်ပြေးခိုလှုံလာကြတာဟာ တပ်တွင်းနေရာပေးမှု မညီမျှတာ၊ ဘက်လိုက်တာတွေ ရှိနေတာကြောင့် ခိုလှုံလာကြတာလို့ စစ်ရေးလေ့လာသူက ပြောပါတယ်။

"အဓိက က ခွဲခြားဆက်ဆံခံရတာပေါ့ဗျာ။ အထက်အရာရှိ ဆွေမျိုးတွေ၊ ရင်းနှီးသူတွေကျတော့ ငွေရှင်တဲ့ စစ်ဆေးရေးဂိတ်တွေမှာ နေရာချပေးထားတယ်။ သူတို့ကျတော့ ရိက္ခာတောင် မထောက်ပံ့နိုင်တဲ့ ရှေ့တန်းစစ်မျက်နှာကို အပို့ခံရတယ်။ သူတို့စခန်းတွေကို အေအေ ဝင်တိုက်ရင် သူတို့သေမယ်ဆိုတာ သိနေတယ်။ ထောက်ပို့က ပြတ်နေတော့ သူတို့စိတ်ဓာတ်တွေ ကျဆင်းလာနေတာ။ ဒါကြောင့် ထွက်ပြေးကြတာ။ လက်နက်မယူဘူး။ လက်နက်ယူရင် အေအေက လွှတ်ပေးရင်လည်း စစ်ကောင်စီက သူတို့ကို လိုက်ရှာပြီးသတ်မှာ။ နောက်အနာဂတ်မှာ ဒီလို ထွက်ပြေးတာ ပိုများလာလိမ့်မယ်။"

ရခိုင်ပြည်နယ်မှာ လက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ စစ်ကောင်စီ လက်အောက်ခံ တပ်ရင်း၊ တပ်ဖွဲ့တွေက အရာရှိပိုင်းနဲ့ နီးစပ်သူတွေဟာ ငွေရလွယ်တဲ့ စစ်ဆေးရေးဂိတ်တွေမှာ တာဝန်ထမ်းဆောင်နေကြရပြီး သာမန်အရာရှိနဲ့ တပ်သားတွေမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေကြောင့် ရှေ့တန်းစစ်မြေပြင်ကို ခြေလျင်သွားနေကြပြီး တိုက်ပွဲဝင်နေကြရတာပါ။

ပြီးခဲ့တဲ့ မေ ၂၂ ရက်နေ့ကလည်း ကျောက်တော်မြို့မှ စစ်သားတဦး လက်နက်မဲ့ ထွက်ပြေးပြီး အေအေဆီ ခိုလှုံခဲ့ကြောင်း လေ့လာသူတွေရဲ့ မှတ်တမ်းတွေအရ သိရပါတယ်။

https://burmese.dvb.no/archives/553888

---------------------------------------------------------------------------------

## ဖားဝပ်ချောင်းရွာအနီး စစ်တပ်က လေယာဉ်ဖြင့် ဗုံးကြဲ၊ ရခိုင်စစ်ရှောင် ၈ သောင်းကျော် အရေးပေါ် အကူအညီ လိုအပ်

Published By DVB | 12 September, 2022



ရခိုင်ပြည်နယ် မောင်တောမြို့နယ်မြောက်ပိုင်း ဖားဝပ်ချောင်းကျေးရွာနားကို စက်တင်ဘာ ၁၂ ရက် မနက် ၂ နာရီက စစ်ကောင်စီတပ်က တိုက်လေယာဉ်နဲ့ ဗုံးကြဲတာကြောင့် ဒေသခံတွေ စိုးရိမ်နေကြပါတယ်။

ဖားဝပ်ချောင်းကျေးရွာသား တဦးက "ဒီနေ့ မနက် ၂ နာရီမှာ တိုက်လေယာဉ်တစီးနဲ့ ဗုံးလာချတာပါ။ ရွာနားအနီးကပ် ချသွားတာလည်း ရှိတယ်။ ရွာနဲ့ ၁ ဖာလုံ ၂ ဖာလုံ အကွာမှာ ချသွားတာလည်း ရှိတယ်။ အားလုံး ၅ လုံး ချခဲ့တယ်။ ရွာသူရွာသားတချို့ကတော့ ကျေးရွာအပေါ်ကို ချလာမှာကို စိုးရိမ်ပြီး မောင်တောကို တက်ပြေးသွားကြတယ်" လို့ ပြောပါတယ်။

ရခိုင်မှာ ရက္ခိုင်တပ်တော်အခြေစိုက်ရာနေရာတွေကို စစ်ကောင်စီက ဗုံးကြဲ တိုက်ခိုက်ဖို့ ညွှန်ကြားထားတယ်လို့ စစ်တပ်အရာရှိ တဦးရဲ့ သတင်းပေးချက်ကို ကိုးကားပြီး စစ်ရေးလေ့လာသူ မောင်တောဒေသခံတဦးက ပြောပါတယ်။

မောင်တော-ကြိမ်ချောင်းလမ်းက ဖားဝပ်ချောင်းကျေးရွာအလွန်မှာ အေအေက စစ်ဆေးရေးဂိတ်တခု ဖွင့်ပြီး မောင်တောမြောက်ပိုင်းသွားကားတွေကို စစ်ကောင်စီတပ်အတွက် ရိက္ခာသယ်ယူလာတာ ရှိ၊ မရှိ စစ်ဆေးနေတာကြောင့် စစ်ကောင်စီတပ်က နတ်မြစ်ကို အသုံးပြုပို့ဆောင်ရာမှာ အေအေ တပ်ဖွဲ့တွေ ရှိနိုင်တဲ့ ဖားဝပ်ချောင်ကျေးရွာနားကို တိုက်လေယာဉ်နဲ့ ဗုံးလာကြဲတာဖြစ်နိုင်တယ်လို့ စစ်ရေးလေ့လာသူတွေက သုံးသပ်ကြပါတယ်။

စက်တင်ဘာ ၁၁ ရက် မနက် ၄ နာရီခွဲလောက်ကလည်း စစ်ကောင်စီတပ်က တိုက်လေယဉ် ၂ စီးနဲ့ အေအေ သိမ်းပိုက်ထားတဲ့ ခမရ ၃၅၂ တပ်ရင်းစခန်းနဲ့ ကျေးရွာ ၇ ရွာနားကို ဗုံးကြဲခဲ့တာကြောင့် ဒေသခံ ၄၀၀ ကျော် နေရပ်စွန့် ထွက်ပြေးခဲ့ကြရပါတယ်။

အခုလို ရခိုင်ပြည်နယ်အတွင်းမှာ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော်(အေအေ)တို့ တိုက်ပွဲတွေ ဖြစ်ပွားနေတာကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးလာတဲ့ စစ်ဘေးရှောင်ပြည်သူ ၈၀၀၀၀ ကျော်အထိ ရှိလာပြီး အရေးပေါ်အကူညီတွေ လိုအပ်နေတယ်လို့ စစ်ဘေးရှောင်အကူညီပေးရေး ပရဟိတအဖွဲ့ တွေက ပြောပါတယ်။

အရင်ထဲက နေရပ်စွန့်ခွာလာပြီး အိမ်မပြန်နိုင်သေးတဲ့ စစ်ဘေးရှောင်ပြည်သူ ၈၀၀၀၀ လောက်ရှိပြီး တကျော့ပြန်တိုက်ပွဲတွေ ဖြစ်ပွားလာတာကြောင့် နောက်ထပ် လူဦးရေ ၆၀၀၀၀ လောက် စစ်ဘေးရှောင်စခန်းတွေမှာ လာရောက် ခိုလှုံနေရတယ်လို့ စစ်ဘေးရှောင်အကူညီပေးရေး ပရဟိတ အဖွဲ့ဝင် တဦးက ပြောပါတယ်။

အောင်သပြေရွာက စစ်ဘေးရှောင် အမျိုးသမီး တဦးက "ရွှေရင်အေးကျောင်းတိုက်မှာ ခိုလှုံနေကြရတယ်။ ရွာသူရွာသားတွေ ပေးပို့တဲ့ စားနပ်ရိက္ခာတွေနဲ့ ချက်ပြုတ်စားသောက်ရတယ်။ သမံတလင်းပေါ်မှာပဲ ဖြစ်သလို နေနေကြရတယ်။ လတ်တလော လိုအပ်ချက်တွေကတော့ အဝတ်တထည်ကိုယ်တခုနဲ့ ထွက်ပြေးလာရလို့ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ ဖျာနဲ့ အဝတ်အစားတွေ လိုနေအပ်ပြီး စားနက်ရိက္ခာတွေလည်း အကူအညီ လိုအပ်နေတယ်"လို့ ပြောပါတယ်။

ရခိုင်ပြည်နယ်အတွင်းက မြို့နယ်တွေမှာ စစ်ရှောင်စခန်း ၁၀၀ ကျော်လောက်ရှိနေပြီး စားနပ်ရိက္ခာတွေ အရေးတကြီးလိုအပ်နေသလို ရှိပြီးသား စစ်ရှောင်စခန်းတွေမှာလည်း စားနပ်ရိက္ခာတွေ ပြတ်လပ်နေတာ ၃လ လောက်ရှိနေပြီလို့ စစ်ရှောင်တွေက ပြောပါတယ်။

ဒါ့အပြင် နိုင်ငံတကာကအဖွဲ့စည်းတွေဖြစ်တဲ့ ICRC၊ WFP တို့ကိုလည်း သွားလာခွင့်မပေးတာ ကြောင့် စားရေးသောက်ရေးအခက်အခဲ ဆိုးဆိုးရွားရွား ရင်ဆိုင်နေကြရတယ်လို့ ကူညီသူတွေက ပြောပါတယ်။

ရခိုင်ပြည်နယ်အတွင်း စစ်ကောင်စီတပ်နဲ့ ရက္ခိုင်တပ်တော်(အေအေ)တို့ကြား ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေမှာ စစ်ကောင်စီဘက်က အများအပြားသေဆုံးလို့ လေကြောင်းတိုက်ခိုက်နေပေမယ့် စစ်ကောင်စီတပ်စခန်း ၂ ခုကို AA က သိမ်းပိုက်နိုင်ခဲ့ပြီး လက်နက်ခဲယမ်းအများအပြားနဲ့ စစ်သုံ့ပန်း တချို့လည်း ဖမ်းမိထားတယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/553797

--------------------------------------------------------------------------------------------

## စစ်ကောင်စီ နှင့် ဒု-ကြိမ်တွေ့ဆုံဖို့ "ဝ"၊ မိုင်းလား နှင့် SSPP တို့ ပန်ဆန်းတွင် ကြိုတင်တွေ့ဆုံမည်

By SHAN - September 12, 2022

"ဝ"၊ မိုင်းလား နှင့် SSPP တို့ အာဏာသိမ်း စစ်ကောင်စီ နှင့် ဒုတိယ အကြိမ်တွေ့ဆုံရန် အတွက် ဘုံသဘောတူညီချက်ရအောင် ပန်ဆန်းမြို့တွင် ကြိုတင် ပြင်ဆင်သည့် အစည်းအဝေး ပြုလုပ်သွားမည်ဟု စုံစမ်းသိရသည်။

မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ ၃ ဖွဲ့ ဖြစ်သည့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ရှမ်းပြည်တပ်မတော် (SSPP/SSA)၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (NDAA) နှင့် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) တို့သည် အာဏာသိမ်း စစ်ကောင်စီ နှင့်တွေ့ဆုံရန် အတွက် ယခုလာမည့် စက်တင်ဘာ ၁၆ ရက်နေ့၌ ပန်ဆန်းမြို့တွင် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေး ပြုလုပ်သွားမည်ဟု သိရသည်။

"စစ်ကောင်စီ နဲ့ တွေ့ဖို့အတွက် ပန်ဆန်းမှာ အကြိုအစည်းအဝေးလုပ်ကြမယ်။ ဒီလ ၁၆ ရက်ကနေ စလုပ်မယ်။ စစ်ကောင်စီနဲ့ တွေ့ရင် ဘုံသဘောတူညီချက်တွေ တောင်းဆိုညှိနှိုင်းမှုတွေ တစ်သံတည်းထွက်အောင်လို့ ကြိုတင် ပြင်ဆင်တဲ့အနေနဲ့ လုပ်တာပါ" ဟု အမည်မဖော်လိုသည့် သျှမ်းနိုင်ငံရေး အသိုင်းအဝန်းမှ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ယခင်က မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ ၃ ဖွဲ့သည် စက်တင်ဘာ ၁၃ ရက်၌ အာဏာသိမ်း စစ်ကောင်စီ နှင့် နေပြည်တော်တွင် တွေ့ဆုံရန် ရက်သတ်မှတ်ခဲ့သော်လည်း စစ်ကောင်စီ အဖွဲ့မှ ၂၀၀၈ ဖွဲ့စည်းပုံနှင့်ပတ်သက်ပြီး ပြင်ဆင်လိုသည့် အခန်းကဏ္ဍကို သေချာလေ့လာထားရန် အကြောင်းကြားထားခဲ့သည်။




ပန်ဆန်းမြို့

ထို့ကြောင့် မြောက်ပိုင်းမဟာမိတ် (၃) ဖွဲ့က နေပြည်တော်သွားရောက်ဆွေးနွေးပါက တညီတညွတ်တည်း အသံထွက်ရန် ပန်ဆန်းမှာ အကြိုဆွေးနွေးခြင်းဖြစ်သည်။

“ အခု လူကြီးတွေကတော့ ခရီးထွက်သွားကြပြီ။ ပန်ဆန်းဘက်ကို သွားတယ်လို့သိရတယ်” ဟု SSPP အရာရှိငယ်တစ်ဦးက သျှမ်းသံတော်ဆင့်ကိုပြောသည်။

စစ်ကောင်စီ ဖိတ်ခေါ်သည့် ဒုတိယအကြိမ် ဆွေးနွေးပွဲကို SSPP “ဝ” နှင့် မိုင်းလားတို့ အတူတကွရောက်ရမည်ဆိုသောကြောင့် SSPP တပ်ဖွဲ့အနေဖြင့် လိမ္မာပါးနပ်မှုရှိမှသာ စစ်ကောင်စီ၏ နိုင်ငံရေးလှည့်ကွက်ထဲ မှ လွတ်နိုင်မည်ဟု သျှမ်းစာရေးဆရာ ဟိန်းကာယန်း က သျှမ်းသံတော်ဆင့်၏ အပတ်စဉ် နိုင်ငံရေးလေ့လာသုံးသပ်ချက်တွင် ပြောဆိုထားသည်။

SSPP၊ “ဝ” နှင့် မိုင်းလား တို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အတူတူတက်ရမည်ဆိုပါက ၎င်းတို့၏ နိုင်ငံရေး ရပ်တည်ချက်နှင့် မျှော်မှန်းချက်သည် တူညီမှုရှိနိုင်မှာလားဆိုတာကိုလည်း စဉ်းစားစရာဖြစ်သည်။

“ UWSAရဲ့ အမြင့်ဆုံး ရည်မှန်းချက်က “ ဝ” ပြည်နယ်ရရှိဖို့ ပြည်ထောင်စုထဲမှ လုံးဝခွဲထွက်မှာ မဟုတ်ဘူး။ NDAA မိုင်းလား တပ်ဖွဲ့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လိုချင်တယ်။ ပြည်ထောင်စုအဆင့်ဖြစ်နေတဲ့ ပြဿနာကို သူတို့အဲ့လောက်ထိ အရေးထားမှာမဟုတ်ဘူး။ ပြည်ထောင်စုထဲကနေ ခွဲမထွက်ဖို့ ဆိုတာကို SSPP အနေနဲ့ လက်ခံနိုင်လား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို သတ်မှတ်ပေးမယ်ဆိုတာကျတော့ရော SSPP ရဲ့ နိုင်ငံရေး မူဝါဒ မျှော်မှန်းချက်နဲ့ ကိုက်ညီပါ့မလား” ဟု သျှမ်းစာရေးဆရာ ဟိန်းကာယန်းက ပြောသည်။

ဆက်လက်ပြီး ဟိန်းကာယန်း က “လက်ရှိ ပြည်ထောင်စုအတွင်း ဖြစ်နေတဲ့ ပြဿနာမီးတွေက ဗမာ အုပ်စုနှစ်ခုကြားရဲ့ အက်ကြောင်း ပြဿနာသာဖြစ်တယ်လို့ “ ဝ”၊ မိုင်းလားနဲ့ SSPP ပြောနိုင်ပါ့မလား၊ ပြောနိုင်မယ်မထင်ဘူး၊ ဒါကြောင့်မို့လည်း နေပြည်တော်ကို ခဏခဏပြေးနေရသလို ပြည်သူတွေကလည်း တွေဝေနေကြရပြီ” လို့ မှတ်ချက်ပြုထားသည်။

မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့သည် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ (၇)ဖွဲ့ဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ကိုးကန့်တပ်မတော် (MNDAA)၊ “ဝ”တပ်မတော်၊ မိုင်းလားတပ်မတော် နှင့် SSPP တို့ပါဝင်ဖွဲ့စည်းထားသည်။

သို့သော်လက်ရှိ စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာ စစ်ကောင်စီတပ်ဖွဲ့နှင့် KIA၊TNLA နှင့် MNDAA တို့က တိုက်ပွဲဖြစ်ပွားခဲ့သော်လည်း “ဝ”တပ်ဖွဲ့၊ မိုင်းလားတပ်ဖွဲ့ နှင့် SSPP တို့က တိုက်ပွဲဖြစ်ပွားမှု မရှိကြပေ။

ယင်းကဲ့သို့ အုပ်စုလိုက် တွေ့ဆုံဆွေးနွေးခြင်းသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အနေနှင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးအား မြင်အောင်ကြည့်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် အုပ်စု အလိုက် တက်ရောက်ရမည် ဖြစ်ကြောင်း စစ်ကောင်စီ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့ ခြင်းဖြစ်သည်။

စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့အကြား ပထမအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှုသည် UWSA တပ်ဖွဲ့မှ မေ ၂၉ ရက် ဖြစ်ပြီး၊ NDAA တပ်ဖွဲ့သည် ဇွန်လ ၇ ရက်နှင့် SSPP/SSA တပ်ဖွဲ့က ဇူလိုင် ၂ ရက်နေ့တွင် အသီးသီး တွေ့ဆုံခဲ့ကြပြီး ဖြစ်သည်။

လက်ရှိတွင် (NCA) လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့ဖြစ်သည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့က အုပ်စုတစ်ခုအနေဖြင့် ဩဂုတ် ၂၂ ရက်နေ့တွင်သော်လည်းကောင်း၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် RCSS/SSA တို့က ဩဂုတ်လ ၂၈ ရက်တွင် သော်လည်းကောင်း စစ်ကောင်စီနှင့် ဒုတိယအကြိမ် ငြိမ်းချမ်းရေး ဆွေးနွေးနေပြီး ဖြစ်သည်။

https://burmese.shannews.org/archives/30256

-----------------------------------------------------------------------------------------------------

## မိုးဖြဲတွင် လက်နက်ကြီးထိမှန်မှုကြောင့် လူနေအိမ် ၄၀ ထက်မနည်း ပျက်စီး

Published By DVB | 12 September, 2022



ရှမ်း-ကယားနယ်စပ်၊ ရှမ်းပြည်နယ်တောင်ပိုင်း မိုးဖြဲမြို့တိုက်ပွဲအတွင်း စစ်ကောင်စီတပ်က စက်တင်ဘာ ၁၁ ရက်မှာ လက်နက်ကြီးတွေအပြင် တိုက်လေယာဉ်နဲ့ ပစ်ခတ်ခဲ့တာကြောင့် ရပ်ကွက် ၃ ခုက လူနေအိမ် ၄၀ ထက်မနည်း ပျက်စီးခဲ့တယ်လို့ တိုးတက်သော ကရင်နီပြည်သူ့အင်အားစု (PKPF)က ဒီကနေ့ ထုတ်ပြန်ပါတယ်။

စက်တင်ဘာ ၈ ရက်ကနေ  ၁၁ ရက်အထိ ၄ ရက်ဆက်ဖြစ်ခဲ့တဲ့  တိုက်ပွဲတွေမှာတော့ နေအိမ် ၁၀၀ ထက်မနည်း ပျက်စီးခဲ့တယ်လို့ ဆိုပါတယ်။

စက်တင်ဘာ ၈ ရက်ကစတင်တဲ့ တိုက်ပွဲဟာ ၁၁ ရက်အထိ ဆက်ဖြစ်ပွားနေပြီး ဒီနေ့လည်း အခြေအနေအတွေ ဆက်လက်တင်းမာနေသလို မနေ့ညက ရှမ်းပြည်နယ်ပင်လောင်းဘက်က စစ်ကား ၁၅ စီး စစ်ကူလာနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

၄ ရက်ဆက်ဖြစ်တဲ့ တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က အယောက် ၆၀ ထက်မနည်း သေဆုံးကာ အများအပြား ဒဏ်ရာရခဲ့သလို လက်နက်ခဲယမ်းတွေလည်း ကရင်နီပူးပေါင်းတပ်တွေ သိမ်းဆည်း ရမိခဲ့ပါတယ်။

ကရင်နီပူးပေါင်းတပ်တွေဘက်ကလည်း ၂ ယောက်သေဆုံးပြီး ၃၀ လောက် ဒဏ်ရာရခဲ့တယ်လို့ တိုးတက်သောကရင်နီပြည်သူ့အင်အားစု (PKPF) က သိရပါတယ်။

စစ်ကောင်စီဘက်က လက်နက်ကြီးနဲ့ အဆမတန်ပစ်ခတ်နေတဲ့အပြင် လေကြောင်းပစ်ကူပါ သုံးပြီး တိုက်ခိုက်နေတာဖြစ်လို့ မြို့အနားက သွားလာတာမလုပ်ကြဖို့  ကရင်နီပူးပေါင်းတပ်တွေက တိုက်တွန်းထားပါတယ်။

https://burmese.dvb.no/archives/553785

------------------------------------------------------------------------------------

## စစ်ကောင်စီ လေကြောင်းတိုက်ခိုက်မှုကြောင့် မိုးဗြဲမှာ အရပ်သားသေဆုံးမှုတွေရှိ

၁၂ စက်တင်ဘာ၊ ၂၀၂၂ | စံကျော်

ရှမ်းပြည်တောင်ပိုင်း မိုးဗြဲမှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေနဲ့ ၄ ရက်ဆက်တိုက် မနေ့ကအထိ တိုက်ပွဲပြင်းထန်နေပါတယ်။ တိုက်ပွဲအတွင်းမှာ စစ်ကောင်စီဘက်ကလက်နက်ကြီးတွေအပြင် လေကြောင်းသုံး ဗုံးကြဲတိုက်ခိုက်နေတာကြောင့် နေအိမ် ၂၀ ထက်မနည်း ပျက်စီးသလို အရပ်သား ထိခိုက်သေဆုံးမှုလည်းရှိတယ်လို့ ဒေသခံတွေနဲ့ ကယ်ဆယ်ရေးအဖွဲ့တွေက ပြောပါတယ်။ ဒီအကြောင်း သတင်းပေးပို့ချက်ကို ကိုစံကျော်က တင်ပြပေးထားပါတယ်။

မိုးဗြဲမြို့ဘက်ကို စစ်ကောင်စီတပ်တွေ အင်အားအလုံးအရင်းနဲ့ စစ်ကြောင်းဆင်လာပြီး စက်တင်ဘာ ၈ ရက်နေ့ကတည်းက တိုက်ပွဲတွေ စတင်ခဲ့တာပါ။ မနေ့ကအထိ ၄ ရက် ဆက်တိုက် ပြင်းထန်ခဲ့ပါတယ်။ တိုက်ပွဲအတွင်းမှာ စစ်ကောင်စီက လက်နက်ကြီး ပစ်ခတ်တဲ့အပြင် လေကြောင်းသုံး ဗုံးကြဲ တိုက်ခိုက်ခဲ့တယ်လို့ မြို့ခံတဦးက VOA ကို ပြောပါတယ်။

"၄ ရက်ရှိပြီ။ တိုက်ပွဲက ပြင်းထန်နေတယ်ပေါ့နော်။ ၈ ရက်နေ့ကနေ စပစ်တယ်၊ ၃ ရက် ဆက်တိုက်ကို လေယာဉ်နဲ့ လာကြဲတာပေါ့။ ဒီနေ့အခြေအနေက လောလောဆယ်တော့ ဘာမှလက်နက်ကြီးက တချက် နှစ်ချက်ပဲ ကြားသေးတယ်၊ ဆက်တိုက်တော့ ရပ်တန့်ထားတာ ၅ မိနစ်လောက်ရှိနေပြီးပေါ့နော်။ အများပြည်သူ ထိခိုက်တာက လက်နက်ကြီးကျတော့ ဟို…၈ ရက်နေ့ကတည်းက တယောက် နှစ်ယောက်လောက်ပဲ သေဆုံးသွားတာရှိတယ်။ အိုးအိမ်တွေ ပျက်က်စီးတယ်။ ဆန်စပါးတွေလည်း လောင်သွားတယ်။ လက်နက်ကြီးထိတယ်။ လေယာဉ်နဲ့လာပစ်တာ အပျက်အစီးပျောက်ဆုံးမှုက တအားများသွားတယ်ပေါ့။ မနေ့က မီးလောင်သွားတာက သုံးအိမ် လေးအိမ်တောင် လောင်သွားတယ်။ ဒါပေမယ့် ပျက်စီးသွားတယ်ဆိုလည်း အိမ်ခြေ ၂၀ လောက်တော့ ရှိတယ်ပေါ့။"

စက်တင်ဘာ ၁၂ ရက် ဒီနေ့ နေ့ခင်းပိုင်းမှာတော့ နှစ်ဘက် အပြန်အလှန်ပစ်ခတ်သံတွေ မကြားရသေးဘူးလို့ အဲဒီ ဒေသခံက ပြောပါတယ်။ လက်နက်ကြီးသံတွေကတော့ အနည်းငယ် ကြားနေရတယ်လို့ ပြောပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၈ ရက်နေ့က လူနေအိမ်မှာ လက်နက်ကြီးကျရောက်ပေါက်ကွဲလို့ အရပ်သား ၂ ဦး ထိခိုက်သေဆုံးခဲ့ပါတယ်။ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်တဲ့အတွက် နေအိမ် ၂၀ ထက်မနည်း ပျက်စီးတဲ့အပြင် ဆန်စပါး မီးလောင်တာတွေ နေအိမ်တချို့ မီးလောင်ပျက်စီးခဲ့တယ်လို့လည်း ပြောပါတယ်။ တိုက်ပွဲတွေကြား စစ်ရှောင်ဒုက္ခသည်တွေ အခက်အခဲမျိုးစုံ ရင်ဆိုင်နေရတဲ့အကြောင်း VOA ကို ပြောပြပါတယ်။

"ကျနော်တို့လည်း အိုးအိမ်လည်း မရှိတော့ဘူး၊ ပျက်စီးတဲ့ဟာလည်း ပျက်စီးသွားကုန်ပြီ။ ပျက်စီးတဲ့အခါကျတော့လည်း ကျနော်တို့က ဘယ်လိုမှ ဟိုဘက်ကလည်း တားလို့မရ၊ ဒီဘက်ကလည်း တားလို့မရတဲ့အခြေအနေမျိုး ဖြစ်နေတဲ့အခါ ကျနော်တို့ ပြည်သူက ဘယ်လို ရှန်းထွက်ရမှန်းလည်း မသိ၊ စစ်ဘေးရှောင်သွားရမယ်ဆိုလည်း သွားဖို့နေရာကမရှိ၊ အဲ့ဒါကြောင့် ကျနော်တို့က ဆင်းရဲသားသမီးတွေလည်း အရမ်းကြီး ဒုက္ခ… စားဝတ်နေရေးကအစ အခက်အခဲတွေ အများကြီးရှိပါတယ်။"

မိုးဗြဲမြို့နယ်မှာ စစ်ကောင်စီဘက်က နယ်မြေရှင်းလင်းရေး ထိုးစစ်ဆင်နေပြီး ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ မကြာခဏ တိုက်ပွဲတွေ ဖြစ်ပွားလေ့ရှိပါတယ်။ နှစ်ဘက်တိုက်ပွဲတွေ အရင်ကထက်ပို ပြင်းထန်လာတယ်လို့လည်း မိုးဗြဲ စစ်ရှောင်အကူအညီပေးနေတဲ့ သူတဦးက ပြောပါတယ်။

"မိုးဗြဲမြို့ခါကျတော့ ထူးခြားမှုအပြည့်ပါပဲ၊ ခဏခဏ တိုက်ပွဲတွေကရှိ၊ နောက်တခေါက်ခါကျတော့ တော်တော်လေးကို ပြင်းထန်တာပေါ့နော်။ အရင်ကဆို ဒီမနက်ပိုင်းဖြစ်ဆို ညနေလောက်ဆို တိတ်သွားတာပေါ့နော်။ ဒီတခေါက်ဖြစ်တာက ပြင်းထန်တဲ့ တိုက်ပွဲပေါ့ဗျာ လက်နက်ကြီးရော လက်နက်ငယ်ရော အစုံပဲ။"

တိုက်ပွဲပြင်းထန်တဲ့ နေရာတဝိုက်က ဒေသခံတွေ ဘေးလွတ်ရာ တိမ်းရှောင်နေကြပြီး ချက်ချင်း နေအိမ်တွေကို စွန့်ခွာခဲ့ရတာဖြစ်လို့ စားသောက်စရာ ရိက္ခာအခက်အခဲ ရင်ဆိုင်နေရသူတွေလည်း အများအပြား ရှိပါတယ်။

၄ ရက်ဆက်တိုက် ဖြစ်ခဲ့တဲ့ မိုးပြဲတိုက်ပွဲအတွင်းမှာ ကာကွယ်ရေးတပ်ဘက်က ၂ ဦးသေဆုံးခဲ့တယ်လို့ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့က သတင်းထုတ်ပြန်ပါတယ်။ စစ်ကောင်စီဘက်က အယောက် ၂၀ ကျော် သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူလည်း ရှိနေကြောင်း သတင်းထုတ်ပြန်ပေမယ့် ထိခိုက်ဒဏ်ရာရတဲ့သတင်းတွေနဲ့ သီးခြားအတည်ပြုချက် မရရှိသေးပါဘူး။

စစ်ကောင်စီဘက်က MA-1 သေနတ်တလက်၊ MA-3 သေနတ်နှစ်လက်၊ ဆက်သွယ်ရေးအထိုင်စက်တလုံးနဲ့ လက်နက်ခဲယမ်းတွေ သိမ်းဆည်းရမိတယ်လို့ KNDF က ပုံတွေနဲ့ သတင်း ထုတ်ပြန်ထားပါတယ်။

ထိခိုက်ဒဏ်ရာရတာ၊ လက်နက်သိမ်းဆည်းရမိတာတွေနဲ့ ပတ်သက်ပြီး စစ်ကောင်စီနဲ့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေအကြား ထုတ်ပြန်တဲ့ သတင်းတွေမှာ ကွဲလွဲချက်တွေ ရှိနေပါတယ်။ ဒေသခံ အိုးအိမ်တွေ ပျက်ဆီးတာ အရပ်သားတွေ ထိခိုက်ဒဏ်ရာရတာတွေနဲ့ ပတ်သက်လို့လည်း နှစ်ဖက် အပြန်အလှန်စွပ်စွဲလေ့ရှိပါတယ်။

https://burmese.voanews.com/a/မိုးၿပဲ-ေလေၾကာင္းတုိက္ခုိက္မႈ-အရပ္သားေသဆံုး-ေနအိမ္မီးေလာင္/6743609.html

----------------------------------------------------------------------------------------------------

## အင်းလေးကန်တွင် ခိုလှုံသည့် ကရင်နီ စစ်ရှောင်များအား လက်မခံရန် ထွေအုပ် ညွှန်ကြား

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်။



အင်းလေးကန်အတွင်း ခိုလှုံနေကြသည့် ကရင်နီ စစ်ဘေးရှောင် ပြည်သူများအား နေရပ်ပြန်ကြရန် စစ်ကောင်စီ လက်အောက်ခံ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ထွေအုပ်) မှ ညွှန်ကြားလာသည်ဟု စစ်ဘေးရှောင်များအား ကူညီပေးနေသည့် အဖွဲ့အစည်း တာဝန်ရှိသူများက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ် အင်းလေးကန်တွင် ခိုလှုံနေသည့် ကရင်နီဒေသက စစ်ဘေးရှောင်များကို စက်တင်ဘာလကုန်တွင် နေရပ်ရင်းကို ပြန်ကြရန် ထွေအုပ်မှ စာထုတ်ထားခြင်းကြောင့် စစ်ဘေးရှောင်များ အခက်တွေ့နေကြသည်ဟု အကူအညီပေးနေ သူများက ပြောသည်။

အင်းလေးဒေသအတွင်း ခိုလှုံနေသည့် စစ်ဘေးရှောင်များကို ကူညီပေးနေသော အဖွဲ့တစ်ဖွဲ့မှ အမျိုးသားတစ်ဦး က “ဒီအချိန်ဆို စစ်ကြောင်းထိုးနေတဲ့ နေရာတွေ ထိတွေ့မှုဖြစ်နေတဲ့ နေရာတွေကျတော့ ပြန်ဖို့ အဆင်မပြေ သေးဘူးပေါ့နော်။ ဒီးမော့ဆိုဘက်က လာတဲ့ဟာတွေလည်း ပြန်ဖို့ အဆင်မပြေသေးဘူး။ တချို့က အိမ်တွေ မရှိ တော့ဘူးလေ။ လုပ်ကိုင်စားသောက်ဖို့ ယာတွေကလည်း မနှစ်ကတည်းက မစိုက်ရတော့ ပျက်ပြီပေါ့။ ပြန်ဖို့ အဆင်မပြေတာတွေတော့ အများကြီးပါ။ ဒါပေမယ့် ပြန်ရမယ်ဆိုရင်တော့ အားလုံးက ပြန်ရမှာပဲလေ” ဟု ပြောသည်။

စစ်ကောင်စီလက်အောက်ခံ ထွေအုပ်ရုံးမှ ထိုကဲ့သို့ တရားဝင် စာထုတ်ထားသော်လည်း ကရင်နီ စစ်ဘေးရှောင် ပြည်သူများ အနေဖြင့် နေရပ်ပြန်နိုင်ရေးအတွက် ပို့ဆောင်ရေးကိစ္စများအပြင် အခြားသော ကူညီပံ့ပိုးမှုများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ညွှန်ကြားပေးခြင်းမျိုး၊ ကူညီပံ့ပိုးမှုမျိုး မရှိသေးဘူးဟု ၎င်းက ဆက်ပြောသည်။

စစ်ရှောင်များကို နေရပ်ပြန်ရေး ဖိအားဆက်ပေးမည်ဆိုပါက ကရင်နီစစ်ရှောင်ကလေးငယ်များအတွက် ပညာရေးအပြင် လုံခြုံပိုင်းလည်း စိန်ခေါ်မှုများ ရှိနိုင်သည်ဟု အကူအညီပေးနေသူ တစ်ဦးက ဆက်ပြောသည်။

"အခု ပြန်ရမယ်ဆိုတော့ စာသင်နေတဲ့ ကလေးတွေလည်း တချို့တွေ ပြန်ကြပြီဆိုပါတော့ ဟိုဖက်မှာလည်း သင် ဖို့ မရှိဘူးပေ့ါ။ ပြဿနာလေးတွေတော့ ရှိတာပေ့ါ။ နေရပ်ပြန်တဲ့အခါကျရင် ဘယ်လိုစီစဥ်ပေးမလဲတော့ မသိသေးဘူးပေ့ါ။"

လက်ရှိ ကရင်နီဒေသက စစ်ဘေးရှောင် ကလေးသူငယ်များ၏ ပညာသင်ကြားရေးနှင့် ပတ်သက်၍ အင်းလေး ဒေ သရှိ အစိုးရကျောင်းများက ဆရာ/ဆရာမများက ကူညီသင်ကြားပေးလျှက်ရှိရာ မကြာမီအချိန်အတွင်း နေရပ်ပြန်ရမည်ဆိုပါက ထိုကလေးငယ်များ၏ ပညာသင်ကြားရေး အခက်တွေ့နေသည်ဟု ဆိုကြသည်။

ကရင်နီဒေသက စစ်ဘေးရှောင်များသည် လက်ရှိတွင် ညောင်ရွှေမြို့တွင်းရှိ ရန်ကုန်မြို့မ ဘုန်းကြီးကျောင်း၊ အင်းလေးဒေသ ဟဲယာရွာမရှိ ဘုန်းကြီးကျောင်းအချို့မှ ကျောင်းကန်၊ ဇရပ်များ၊ ဈေးအလွတ်များ၊ ဆွေမျိုးနီးစပ်ရာ အိမ်များတွင် ခိုလှုံနေထိုင်ကြခြင်း ဖြစ်သည်။

ထို့အပြင် အချို့မှာ IDP Camps ကဲ့သို့ ယာယီတဲများ ထိုးကာ နေထိုင်ကြပြီး Camp အတွင်း အရေအတွက်မှာ လူဦးရေ ၅၀ ကျော်ခန့် ရှိသည်ဟု ကူညီပေးနေသူများ၏ ပြောပြချက်အရ သိရသည်။

လက်ရှိ စစ်ဘေးရှောင်ပြည်သူများ၏ စား၊ ဝတ်၊ နေ၊ ရေးကို အင်းလေးကန်အတွင်းရှိ ဘုန်းကြီးကျောင်းများနှင့် အလှူရှင်အချို့က ထောက်ပံ့ပေးထားပြီး လူငယ် ပရဟိတအဖွဲ့များက ကူညီလုပ်ကိုင်ပေးနေသည်ဟု သိရသည်။

ထို့အပြင် စစ်ကောင်စီတပ်များနှင့် ထိတွေ့မှုဖြစ်နေသည့် အင်းလေးတောင်ပိုင်းရှိ ကျေးရွာများက ပြည်သူများ လည်း သွားလာရန် ခက်ခဲနေသည့်အတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် ကမ္ဘာ့စားနပ် ရိက္ခာ အဖွဲ့ (WFP) မှ ကူညီပေးထားသည်ဟု စစ်ဘေးရှောင်များကို ကူညီနေသည့် အဖွဲ့များက တာဝန်ရှိသူများက ပြောသည်။

အင်းလေးဒေသတွင်းရှိ ကရင်နီဒေသက စစ်ဘေးရှောင်ဦးရေမှာ ထွေအုပ် ဧည့်စာရင်းအရ ၄,၀၀၀ ကျော်ရှိသည် ဟု သိရသည်။ အဆိုပါ စစ်ရှောင်များမှာ ၂၀၂၂ ခုနှစ်၊ ဇန္နဝါရီလ ၁၀ ရက်နေ့မှ စတင်ကာ စစ်ရှောင်လာခဲ့ခြင်း ဖြစ်ပြီး စက်တင်ဘာလ ၁၀ ရက်နေ့တွင် ၈ လပြည့်ပြီဟု စစ်ရှောင်များက ပြောသည်။

သို့သော်လည်း ၎င်းတို့အနေဖြင့် စက်တင်ဘာလကုန်တွင် နေရပ်ပြန်ရမည်ဆိုသောကြောင့် လမ်းခရီးသွားလာ ရေး၊ နေထိုင်စားသောက်ရေး၊ ပညာရေး စသည့် ကဏ္ဍအားလုံးတွင် အခက်အခဲများ ရှိနေ၍ စိုးရိမ်ပူပန်နေကြ သည်။

https://www.nmg-news.net/2022/09/11/20921

---

## ဆီဆိုင်မြို့နယ် စစ်ကောင်စီတပ်စခန်း (၂) ခု တိုက်ခိုက်ခံရ

By SHAN - September 12, 2022

သျှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ် နောင်ထော်ကျေးရွာ ယနေ့ (စက်တင်ဘာ ၁၂) ရက် နံနက် ၆ နာရီခွဲဝန်းကျင်တွင် စစ်ကောင်စီ တပ်စခန်း (၂) ခု တိုက်ခိုက်ခံရကြောင်း စုံစမ်းသိရသည်။

"ဒီနေ့ မနက် ၆ နာရီလောက်မှ သေနတ်သံစကြားရတာ။ ပြောသံကြားတာတော့ PDF တပ်ဖွဲ့က လာပစ်တယ်လို့ ပြောတယ်။ တိုက်ပွဲက ၂ နာရီလောက်ကြာတယ်။ ၈ နာရီထိဖြစ်တာ။ ဘယ်က PDF လာပစ်လဲတော့မသိဘူး" ဟု ဆီဆိုင်မြို့နယ် ဒေသခံ တစ်ဦးက ပြောသည်။

အဆိုပါ တိုက်ပွဲတွင် သေနတ်သံပစ်ခတ်ပြီး နောက်ပိုင်း စစ်ကောင်စီက လေယာဉ်ဖြင့် လာရောက်တိုက်ခိုက် ခဲ့ကြောင်း သိရသည်။



နောင်ထော်ကျေးရွာ

"သူတို့ သေနတ်နဲ့ ပစ်ပြီးတော့ လေယာဉ်နဲ့လာတာ။ လေယာဉ်နဲ့ ဗုံးလာကြဲတာ။ ၇ လုံးလောက်လာပစ်သွားတယ်။ လာပစ်ပြီးတော့ ဒီ PNO တပ်ဖွဲ့နဲ့ စစ်ကောင်စီတပ်တွေက ပြန်ဝင်လာတာ။ အဲ့နောက်အခုထိတော့ ဘာသံမှ ပြန်မကြားရသေးဘူး" ဟု ၎င်းက ဆိုသည်။

စစ်ကောင်စီက လေယာဉ်ဖြင့် လာရောက်ပစ်ခတ်ခဲ့သောကြောင့် ပြည်သူများက စစ်ဘေးထွက်ပြေး တိမ်းရှောင်ခဲ့ရကြောင်းသိရသည်။

အလားတူ လက်ရှိအချိန်မှာ တောင်ယာလုပ်တဲ့အချိန်ဖြစ်သောကြောင့် တိုက်ပွဲမဖြစ်ပွားရန် ပြည်သူများက တောင်းဆိုကြသည်။

"ကျနော်တို့လည်း အခု ရှောင်နေပါတယ်။ ပြီးတော့ ကျနော်တို့အခုက တောင်ယာလုပ်နေတဲ့အချိန်ဖြစ်တယ်လေ။ ကျနော်တို့တော့ သူတို့ တိုက်ပွဲမဖြစ်ဖို့ပဲ တောင်းဆိုပါတယ်။ ကျနော်တို့က ပြည်သူတွေ ကြားကနေခံနေရတယ်" ဟု အထက်ပါ ကျေးရွာ ဒေသခံ တစ်ဦးက ပြောသည်။

လက်ရှိမှာလည်း ပြည်သူများက လက်နက်သံ မကြားရသော်လည်း နေအိမ်ကို မပြန်ရဲသေးပေ။

နောင်ထော်ကျေးရွာတွင် စစ်ကောင်စီ၏တပ်စခန်း PDF တပ်ဖွဲ့တစ်ခုက ပစ်ခတ်ခဲ့ကြောင်း ဒေသခံကြား ခဲ့သော်လည်း သျှမ်းသံတော်ဆင့် အတည်မပြုနိုင်သေးပေ။

https://burmese.shannews.org/archives/30252

------------------------------------------------------------------------------------------

## ပအိုဝ်းပြည်သူ့စစ် (PNO) တပ်ဖွဲ့ ရွေးကောက်ပွဲအတွက် မဲစာရင်း ကောက်ခံနေ

By SHAN - September 12, 2022

သျှမ်းပြည်တောင်ပိုင်း ပင်လောင်းမြို့နယ် နှင့် ညောင်ရွှေမြို့နယ်ရှိ ကျေးရွာများတွင် ပအိုဝ်းပြည်သူ့စစ် (PNA) တပ်ဖွဲ့က ကြံ့ခိုင်ရေးပါတီကို မဲပေးရန် ဖိအားပေးပြီး စာရင်းများလည်း ကောက်ခံနေကြောင်း စုံစမ်းသိရှိရသည်။



PNO တပ်သားများ

လာမည့် ၂၀၂၃ ခုနှစ် အာဏာသိမ်းစစ်ကောင်စီ ဦးစီး ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပင်လောင်းမြို့နယ် ပအိုဝ်းပြည်သူ့စစ် (PNA) တပ်ဖွဲ့ စိုးမိုးထားသော ကျေးရွာများတွင် စက်တင်ဘာ ၆ ရက်မှစတင်ပြီး မဲစာရင်းကောက်ခံနေကြောင်း၊ ကြံ့ခိုင်ရေးပါတီကို မဲပေးရန်လည်း ဖိအားပေးနေကြောင်း ပင်လောင်းမြို့ဒေသခံ အသက် (၃၀) ကျော် အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"လွန်ခဲ့တဲ့ (၆) ရက်က ကျနော်တို့ဒေသမှာ ရွေးကောက်ပွဲအတွက် မဲပေးသူစာရင်းကို ဖိအားပေးပြီး ကောက်နေတာ။ ကြံ့ခိုင်ရေးကို မဲပေးဖို့ ဖိအားပေးပြောတယ်။ ပအိုဝ်းပြည်သူ့စစ် (PNA) တပ်ဖွဲ့က ကောက်တာဗျ။ ကျေးရွာ အုပ်ချုပ်ရေးမှူးလည်း မပါဘူး။ သူတို့စစ်သားအဖွဲ့တွေက လာကောက်တာ" ဟု ၎င်း အမျိုးသားတစ်ဦးက ပြောသည်။

အဆိုပါ မဲစာရင်းကောက်ခံခြင်းကို ပြည်သူများ၏ စိတ်ဆန္ဒသဘောထားမှုများ မပါဘဲ အိမ်ထောင်စုစာရင်းထဲမှ ပါရှိသူအမည်အတိုင်း မဲစာရင်းကောက်ယူသွားကြောင်း ၎င်းက ဆက်ပြောသည်။

"မဲစာရင်းလာကောက်တာက အသက် (၁၈) နှစ်ပြည့်ပြီး သူတိုင်းကိုကောက်တယ်။ မဖြစ်မနေ သူတို့က ဖိအားပေးပြီး ကောက်တာကို၊ တချို့သိတဲ့သူတွေက မထည့်ပေးချင်ဘူး။ သူတို့လည်း လက်နက်တွေနဲ့ ခြိမ်းခြောက်တာတွေ လည်းရှိတယ်။ ပြီးတော့ သူတို့နယ်မြေ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ် တွေမှာလည်း သူတို့ထပ်ကောက်မယ့် အလားလာ ရှိနေတယ် " ဟု ၎င်းဒေသခံတစ်ဦးက ပြောသည်။

အလားတူ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်တွင် ကျင်းပသည့် ရွေးကောက်ပွဲ အချိန်တွင် ယခုလို ဖိအားပေးပြီး ကောက်ခံမှုများလည်း ရှိခဲ့ဖူးကြောင်း ဒေသခံများ၏ ပြောပြချက်အရသိရသည်။

https://burmese.shannews.org/archives/30246

---

## ရှမ်းနီလက်နက်ကိုင်အဖွဲ့ SNA ဘာလဲ၊ ဘယ်လဲ

By ကိုဦး | 10 September 2022

ယခုနှစ်ပိုင်းတွင် SNA ခေါ် ရှမ်းနီ အမျိုးသား တပ်မတော်ဆိုသည်နှင့် ပတ်သက်၍ အသံအတော်ထွက်လာသည်ကို တွေ့ရ၏။ SNA အပြင် ရှမ်းနီ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး အဖွဲ့အစည်းများ၏ ကြေညာချက်များကိုလည်း အတော်များများ မကြာခဏဆိုသလို ထွက်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ယနေ့ကာလတွင် ထိုသို့ ဖြစ်ပျက်နေရသည့် အကြောင်းအရင်းခံကို သေချာစွာ ပြန်လည်သုံးသပ်ကြည့်ရန် လို၏။

SNA အား ၁၉၈၉ ခုနှစ်က စတင်ဖွဲ့စည်းသည်ဟု ဆိုသော်လည်း ၂၀၁၅ မတိုင်မီက ပြည်မမှ ကြားဖူးသူ မရှိသလောက် ရှားပါးသည်ဟု ဆိုရမည်။ ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် မြန်မာစစ်တပ်နှင့် တနှစ်လျှင် တကြိမ်၊ နှစ်ကြိမ်ခန့် ထိတွေ့မှု အနည်းငယ် ဖြစ်သည့် သတင်းများ ကြားခဲ့ရသည့် အဖွဲ့ဖြစ်သည်။

သို့သော် ထိုထိတွေ့မှု ဆိုသည်ကလည်း လောက်လောက်လားလား ဖြစ်ပွားသည့် တိုက်ပွဲမျိုး မဟုတ်ဘဲ မလွဲမရှောင်သာ ထိပ်တိုက်တိုး၍ ဖြစ်ပွားသည့် တိုက်ပွဲငယ်များ ဖြစ်သည်။

*SNA သည် ရှမ်းနီအမျိုးသားများ နေ ထိုင်ကြသည့် စစ်ကိုင်းတိုင်း မြောက်ပိုင်းရှိ ဖန်းမောက်၊ ဟုမ္မလင်း၊ ခန္တီး မြို့နယ်များတွင် အခြေပြု၍ ၎င်းတို့အဖွဲ့အစည်းကို ထူထောင်ခဲ့သည်ကို တွေ့ရသည်။*

ထို့ပြင် ကချင်ပြည်နယ်အတွင်း၌ မြန်မာစစ်တပ်ရော ကေအိုင်အေပါ အားကောင်းမောင်းသန်လှုပ်ရှားနေရာ SNA သည် ရှမ်းနီလူမျိုးအများစုရှိရာ ကချင်ပြည်နယ်အတွင်း အခြေချ လှုပ်ရှားနိုင်ခဲ့ခြင်း မရှိပေ။ SNA သည် ရှမ်းနီအမျိုးသားများ နေ ထိုင်ကြသည့် စစ်ကိုင်းတိုင်း မြောက်ပိုင်းရှိ ဖန်းမောက်၊ ဟုမ္မလင်း၊ ခန္တီး မြို့နယ်များတွင် အခြေပြု၍ ၎င်းတို့အဖွဲ့အစည်းကို ထူထောင်ခဲ့သည်ကို တွေ့ရသည်။

SNA သည် ၂၀၁၈ နောက်ပိုင်း ခန္တီး၊ ဟုမ္မလင်း၊ ဖန်းမောက် ဒေသများကို အခြေပြုပြီး တပ်မဟာ ၃ ခု ဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် တပ်မဟာ ၁ ခု ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့သည်။

အင်အား မည်မျှရှိသည်ကို တိတိကျကျ မသိရသော်လည်း တစုံတရာ အင်အားရှိလာပြီး ၎င်းတို့အား သတိထား ပြုလာစေသည့် အခြေအနေသို့ ရောက်ရှိလာနေပြီ ဖြစ်သည်။

သို့သော် မြန်မာစစ်တပ်အား ထိထိရောက်ရောက်တိုက်ခိုက်သည်ကို မတွေ့ရသော်လည်း အင်အားအတန်အသင့်ဖြင့် လှုပ်ရှားလာသဖြင့် ၂၀၁၉၊ ၂၀၂၀ ခန့်တွင် မြန်မာစစ်တပ်က ဖန်းမောက်၊ ဟုမ္မလင်းဒေသတွင် စစ်ဆင်ရေး ပြုလုပ်သည်ကို တွေ့ရသော်လည်း တောတွင်း စခန်းများ တွေ့ရှိ ဖျက်ဆီးမှုတချို့ရှိခဲ့ပြီး တိုက်ပွဲကြီးကြီးမားမား ဖြစ်ပွားခဲ့ခြင်း မရှိပါ။



SNA ခေါ် ရှမ်းနီ အမျိုးသား တပ်မတော် တပ်ဖွဲ့ဝင်များ/ဧရာဝတီ

မြန်မာစစ်တပ်သည် တဖက်က စစ်ဆင်ရေး ပြုလုပ်သကဲ့သို့ တဖက်ကလည်း SNA အား ပြည်သူ့စစ်ပြုလုပ်ရန် စစ်ဗိုလ်ချုပ် တချို့တာဝန်ယူ၍ လိုက်လံစည်းရုံးခဲ့သည်ကို တွေ့ရသည်။ သို့သော် ညှိနှိုင်းမရခဲ့ပါ။ အကြောင်းမှာ SNA သည် မြန်မာ စစ်တပ်အနေနှင့် ၎င်းတို့အား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတရပ်အဖြစ် အသိအမှတ်ပြုစေလို၍ ဖြစ်သည်။

SNA သည် အခြား တိုင်းရင်းသားအဖွဲ့အစည်းများကဲ့သို့ အပစ်ရပ်လက်မှတ်ထိုးခြင်း၊ NCA တွက် ပါဝင်လက်မှတ်ရေးထိုးခြင်း၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင်ခြင်း စသဖြင့် နိုင်ငံရေး အဆင့်အတန်းတခု ရယူလို၏။ သို့သော် မြန်မာစစ်တပ်က လက်မခံ။ ၎င်းတို့၏ လက်အောက်ခံ ပြည်သူ့စစ်အဖြစ်သာ လက်ခံနိုင်မည်ဟု သဘောထားရာ ညှိနှိုင်းမရခဲ့ပေ။

တဖက်ကလည်း SNA သည် စစ်ကိုင်းတိုင်း မြောက်ပိုင်းဒေသများတွင် အခြေချပြီး ၎င်းအင်အားကို တည်ဆောက်ခြင်းသည် လက်နက်ကိုင်အခြေခံဒေသအဖြစ် မှန်ကန်သည့်ရွေးချယ်မှုဖြစ်ခဲ့သည်။ လူသူအင်အားလည်း အတော်အတန်သင့် စုစည်းနိုင်ခဲ့သည်။

သို့သော် ၎င်းတပ်ဖွဲ့အား လက်နက်ခဲယမ်း လုံလောက်စွာ တပ်ဆင်နိုင်မှု အားနည်းခဲ့ပြီး စစ်ရေး အစွမ်းအစ မပြနိုင်ခဲ့ပေ။ SNA နောက်မှဖွဲ့သော AA ၊ TNLA နှင့် တကျော့ပြန် ပြန်လည်ဖွဲ့စည်းသည့် MNDAA တို့လောက် အားကောင်းမောင်းသန် ဖြစ်မလာခဲ့သည့်အပြင် သိသာသည့် စစ်ရေးအစွမ်းအစ မပြနိုင်ခဲ့ပေ။

*SNA ရင်ဆိုင်ရသည့် အရေးကြီးသည့် ပြဿနာမှာ ၂၀၂၁ နိုင်ငံရေး အလှည့်အပြောင်းကာလတွင် မည်သို့ ရပ်တည်နည်းဆိုသည့်အချက်ဖြစ်သည်။*

သို့သော် SNA ရင်ဆိုင်ရသည့် အရေးကြီးသည့် ပြဿနာမှာ ၂၀၂၁ နိုင်ငံရေး အလှည့်အပြောင်းကာလတွင် မည်သို့ ရပ်တည်နည်းဆိုသည့်အချက်ဖြစ်သည်။

တကယ်တော့ နွေဦးတော်လှန်ရေး အစောပိုင်းကာလတွင် မြန်မာစစ်တပ်များကို တော်လှန်ခဲ့ကြသည့် ဒေသခံ PDF များအား SNA က လေ့ကျင့်ပေးခဲ့သည်။ သို့သော် ယခုနောက်ပိုင်း ဒေသခံ PDF များနှင့် SNA တို့အကြား ပဋိပက္ခ ပြန်ဖြစ်လာသည်ကို တွေ့ရ၏။

ထိုပြဿနာနှင့် ပတ်သက်၍ SNA ပြောခွင့်ရှိသူက KIA ဒေသရှိ PDF များသည် KIA ဦးဆောင်မှု အောက်တွင်ရှိသကဲ့သို့ ဗန်းမောက်၊ ဟုမ္မလင်း၊ ခန္တီးဒေသရှိ PDF များသည်လည်း SNA လက်အောက်တွင် ရှိမနေကြ၍ ဤသို့ ပြဿနာဖြစ်ရသည်ဟု ဆိုသည်။

သို့သော် ပြဿနာမှာ ကေအိုင်အေက NUG နှင့် ပူးပေါင်းဆောင်ရွက်မှု ရှိ၍၊ လက်တွေ့တွင်လည်း PDF များနှင့်တွဲ၍ မြန်မာစစ်တပ်ကို ထိထိရောက်ရောက် တိုက်ခိုက်နေသည်။ SNA သည် NUG နှင့် ပူးပေါင်းဆောင်ရွက်မှု မရှိသည့်အပြင် မြန်မာစစ်တပ်ကိုလည်း တိုက်ခိုက်မှု မရှိ၊ PDF နှင့် အခြေခံကစ၍ ကွဲလွဲနေသည်ဖြစ်ရာ PDF များနှင့် SNA ကြား ပဋိပက္ခ တစတစတိုးလာသည်ကို တွေ့ရသည်။

၂၀၂၂ နှစ်ဆန်းပိုင်းတွင် မြန်မာစစ်တပ်နှင့် SNA တို့ လျှို့ဝှက် ဆွေးနွေးခဲ့ကြရာ SNA ကလည်း ၎င်းတို့အား တိုင်းရင်းသား အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုရေး တင်ပြခဲ့သော်လည်း မြန်မာစစ်တပ်က ၎င်းတို့အား ပြည်သူ့စစ်အဖြစ် ဖွဲ့စည်းရန် ဆွေးနွေးခဲ့သည်။

ထို့ပြင် စစ်ကောင်စီ ဥက္ကဋ္ဌ၏ ၂၀၂၂ ဧပြီက ငြိမ်းချမ်းရေးကမ်းလှမ်းရာတွင်လည်း တိုင်းရင်းသားအဖွဲ့အစည်းအဖြစ် ပါဝင်ခွင့်ရရန် ကြားလူများကတဆင့် ကမ်းလှမ်းရန် ကြိုးစားခဲ့သော်လည်း မြန်မာစစ်တပ်က ပယ်ချခဲ့ပြီး ပြည်သူ့စစ်အဖြစ် ဖွဲ့စည်းရန် ပြောကြားခဲ့သည်ဟု ဆိုသည်။

*SNA သည် ၎င်းတို့သဘောထားအား ပွင့်လင်းစွာထုတ်ပြန်ခြင်းမရှိသော်လည်း မြန်မာစစ်တပ်နှင့် တွဲ၍ လှုပ်ရှားသည်ကို ဗန်းမောက်၊ ဟုမ္မလင်းနယ်မြေအချို့တွင် တွေ့မြင်လာရသည်။ မြန်မာစစ်တပ်အား တိုက်ခိုက်မှု မရှိသည်ကိုလည်း တွေ့ရ၏။*

သို့သော် နောက်ပိုင်းတွင် SNA သည် ၎င်းတို့သဘောထားအား ပွင့်လင်းစွာထုတ်ပြန်ခြင်းမရှိသော်လည်း မြန်မာစစ်တပ်နှင့် တွဲ၍ လှုပ်ရှားသည်ကို ဗန်းမောက်၊ ဟုမ္မလင်းနယ်မြေအချို့တွင် တွေ့မြင်လာရသည်။ မြန်မာစစ်တပ်အား တိုက်ခိုက်မှု မရှိသည်ကိုလည်း တွေ့ရ၏။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် တိုင်းရင်းသား အဖွဲ့အစည်းများကြားတွင် ရပ်တည်မှု နှစ်မျိုးတွေ့ရသည်။

ပထမအမျိုးအစားမှာ NUG/PDF နှင့် ပူးပေါင်း၍ မြန်မာစစ်တပ်အား ပြတ်ပြတ်သားသား တိုက်ခိုက်သည့်အဖွဲ့များဖြစ်၏။ ဒုတိယအမျိုးအစားမှာ မည်သည့်ဖက်နှင့်မှ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် အဖွဲ့များဖြစ်သည်။ မြန်မာစစ်တပ်နှင့် နိုင်ငံရေးဆွေးနွေးမှု ရှိသော်လည်း စစ်ရေးအရ ပူးပေါင်းခြင်း မရှိကြပေ။

လက်ရှိ မြန်မာစစ်တပ်လိုချင်နေသည်မှာ သူတို့နှင့် စစ်ရေးအရပူးပေါင်းဆောင်ရွက်သည့်အဖွဲ့များဖြစ်သည်။ PNO/PNA ကဲ့သို့ ပအိုဝ်းပြည်သူ့စစ်အဖွဲ့မျိုးကို ပို၍လိုလားသည်။



SNA ခေါ် ရှမ်းနီ အမျိုးသား တပ်မတော် လက်မောင်းတံဆိပ်/ဧရာဝတီ

သီးခြားတိုင်းရင်းသား အဖွဲ့အစည်းထက် မြန်မာစစ်တပ်လက်အောက်ခံ ပြည်သူ့စစ်ကို ပို၍ လိုလားသည်ကို တွေ့ရ၏။ ထို့ပြင် မြန်မာစစ်တပ်သည် တိုင်းရင်းသားအဖွဲ့အစည်းများ အားကောင်းသည့် ဒေသများပြည်နယ်များတွင် ထိုဒေသ၊ ထိုပြည်နယ်ရှိ မတူသော လူမျိုးများကြား ပဋိပက္ခအား အသုံးချ၍ အမျိုးသားရေး မီးထိုးလှုံ့ဆော်သည့် နည်းလမ်းကို အသုံးပြု လေ့ရှိ၏။

လက်ရှိအချိန်တွင် စစ်ကောင်စီအတွက် ကေအိုင်အေသည် ပြဿနာကြီး ဖြစ်သည်။ စစ်အင်အား၊ လက်နက်ခဲယမ်း အင်အား၊ ဘဏ္ဍာအင်အားတောင့်တင်းသည့် အဖွဲ့အစည်းဖြစ်သည်။ မြန်မာစစ်တပ်အား စစ်ရေးအရ ကောင်းစွာ ဒုက္ခပေးနိုင်၏။ ထို့ပြင် မြန်မာစစ်တပ်အား ကောင်းစွာထိုးနှက်နိုင်သည့် AA၊ TNLA ကဲ့သို့ အဖွဲ့များကိုလည်းမွေးထုတ်ပေးခဲ့သည်။

လက်ရှိတွင် NUG/PDF ကို လေ့ကျင့်ဖွဲ့စည်းခြင်းအပြင် ကချင်ပြည်နယ်တွင်သာမက စစ်ကိုင်းတိုင်းအထိပါ စစ်ရေးလှုပ်ရှားမှုများပြုလာခြင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်း ပြည်နယ်ရှိ PDF များ လက်နက်တပ်ဆင်ပေးခြင်းတို့အား တစိုက်မတ်မတ်ပြုလုပ်နေသည်။

*မြန်မာစစ်တပ်အနေနှင့် တပြည်လုံးအနှံ့ စစ်တိုက်နေရရာ ကေအိုင်အေအား စစ်ရေးအရ အင်အားစုစည်းပြီး စစ်ဆင်နိုင်သည့် အခြေအနေမရှိပေ။ သို့ဖြစ်ရာ ကေအိုင်အေအား နိုင်ငံရေးအရ ထိုးနှက်နိုင်ရန် ရှမ်းနီအရေးကို ပွဲထုတ်လာသည်ကိုတွေ့ရသည်။*

သို့သော်လည်း မြန်မာစစ်တပ်အနေနှင့် တပြည်လုံးအနှံ့ စစ်တိုက်နေရရာ ကေအိုင်အေအား စစ်ရေးအရ အင်အားစုစည်းပြီး စစ်ဆင်နိုင်သည့် အခြေအနေမရှိပေ။ သို့ဖြစ်ရာ ကေအိုင်အေအား နိုင်ငံရေးအရ ထိုးနှက်နိုင်ရန် ရှမ်းနီအရေးကို ပွဲထုတ်လာသည်ကိုတွေ့ရသည်။

မြန်မာစစ်တပ်သည် ကချင်ပြည်နယ်တွင် ပူတာအို အခြေပြု ရဝမ်ပြည်သူ့စစ်၊ ပန်ဝါအခြေပြု လာချိတ်ပြည်သူ့စစ်၊ မြစ်ကြီးနား အခြေပြု လီဆူးပြည်သူ့စစ်တို့အပြင် ဒေသအလိုက်ရှမ်းနီပြည်သူ့စစ်များကိုလည်း ဖွဲ့ စည်းထားသည်။ ထို့ပြင် မြို့နယ်အလိုက်ဖွဲ့စည်းထားသော ရှမ်းနီ စာပေယဉ်ကျေးမှုအဖွဲ့အစည်းများထဲမှ အချို့ကိုလည်း ထိုးဖောက်စည်းရုံး၍ လက်နက်တပ်ဆင်သိမ်းသွင်းထားသည်။

ရဝမ်၊ လီဆူး၊ လာချိတ်တို့က လူဦးရေနည်းသည့်အပြင် ကချင်ပြည်နယ်အတွင်း ဒေသအလိုက်သာ နေထိုင်ကြ၏။ ရှမ်းနီလူမျိုးကတော့ ကချင်ပြည်နယ်တွင်သာမက စစ်ကိုင်းတိုင်း အထက်ပိုင်းတွင်ပါ အနှံ့အပြား နေထိုင်ကြသည့်အပြင် လူဦးရေ များပြားသည်။

ထို့ပြင် ၁၉၇၅ ဝန်းကျင်က ရှမ်းနီနှင့် ကချင် လူမျိုးရေး ပဋိပက္ခ ကြီးကြီးမားမား ဖြစ်ခဲ့ဖူးရာ လူမျိုးရေးအရ သွေးထိုးလှုံ့ဆော်ရန် မြန်မာစစ်တပ်မျက်စေ့ကျနေပုံရသည်။




ရှမ်းနီ လူမျိုးစုများ နေထိုင်ရာပြ မြေပုံ

သို့သော် ပြဿနာမှာ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း သံလမ်းရိုးတလျှောက် ရှမ်းနီများသည် NLD ထောက်ခံကြပြီး လက်ရှိ ထိုဒေသရှိ ကချင်ပြည်နယ် PDF အများစုမှာ ရှမ်းနီလူမျိုးများဖြစ်ကြ၏။

ထို့အတူ စစ်ကိုင်းတိုင်း အထက်ပိုင်း ဗန်းမောက်၊ ဟုမ္မလင်း၊ ခန္တီးဒေသရှိ PDF များမှာလည်း ရှမ်းနီများပင် ဖြစ်ကြသည်။ ၂၀၁၅ ရွေးကောက်ပွဲကာလက စစ်ကိုင်းတိုင်း ရှမ်းနီတိုင်းရင်းသားရေးရာ ဝန်ကြီးနေရာအား ရှမ်းနီပါတီမှ အနိုင်ရခဲ့သော် လည်း ၂၀၂၀ ရွေးကောက်ပွဲတွင် NLD မှ အနိုင်ရခဲ့သည်ဖြစ်ရာ ရှမ်းနီလူမျိုးများအတွင်း NLD ထောက်ခံမှု အားကောင်းလာသည်ကို တွေ့ရ၏။

ဤသို့သော အခြေအနေတွင် မြန်မာစစ်တပ်သည် ရှမ်းနီပြည်နယ်ဆိုသည်ကို လေသံပစ်လာပြီး ရှမ်းနီနှင့် ကေအိုင်အေကြား ပဋိပက္ခကို ပုံဖေါ်လာသည် တွေ့ရသည်။ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းနီလူမျိုးနှင့် ကေအိုင်အေကြား

ပဋိပက္ခ အသေးအဖွဲ့ တခုခုဖြစ်သည်နှင့် ရှမ်းနီ နိုင်ငံရေး၊ လူမှုရေး၊ စာပေနှင့်ယဉ်ကျေးမှု၊ ဘာသာရေး အဖွဲ့အစည်းပေါင်းစုံကို ကန့်ကွက်စာ ထုတ်ပြန်ရန် မြန်မာစစ်တပ် စစ်ဖက်ရေးရာ လုံခြုံရေးအဖွဲ့မှ လိုက်လံတိုက်တွန်းစေခိုင်းနေသည်များကို ခိုင်လုံသည့် မြေပြင်သတင်းများအရ သိနေရသည်။

*လူမျိုးရေး၊ ဘာသာရေးဆိုသည်မှာ သွေးဆူလွယ်သည်ဖြစ်ရာ ဤအချက်အား ကောင်းစွာ သတိပြုရန် လိုသည်။ ယခု SNA နှင့် PDF များကြား ပဋိပက္ခများသည် ရှမ်းနီအချင်းချင်းကြား နိုင်ငံရေး အမြင်မတူသည့် ပဋိပက္ခလည်း ဖြစ်နေသည်။*

လူမျိုးရေး၊ ဘာသာရေးဆိုသည်မှာ သွေးဆူလွယ်သည်ဖြစ်ရာ ဤအချက်အား ကောင်းစွာ သတိပြုရန် လိုသည်။ ယခု SNA နှင့် PDF များကြား ပဋိပက္ခများသည် ရှမ်းနီအချင်းချင်းကြား နိုင်ငံရေး အမြင်မတူသည့် ပဋိပက္ခလည်း ဖြစ်နေသည်။

SNA နှင့် ကေအိုင်အေကြား ပဋိပက္ခမှာ နယ်မြေထိန်းချုပ်ရေး၊ အခွန်အကောက် ကောက်ခံရေးနှင့် ပတ်သက်သော ပဋိပက္ခနှင့် ကချင်ပြည်နယ်တွင်းရှိ ရှမ်းနီလူမျိုးများ အခွင့်အရေး ပြဿနာများ ဖြစ်နေ၏။

ထိုပြဿနာများကို မည်သို့ ဆွေးနွေး ဖြေရှင်းမည်ဆိုသည်ကို ပဋိပက္ခတွင် ပါဝင်နေသော အဖွဲ့အစည်းများ နည်းလမ်း ရှာဖွေရန် လိုအပ်သည်။ မြန်မာစစ်တပ်က လူမျိုးရေး မီးထိုးနေသည်ကို ကောင်းစွာမြင်ရန် လိုသည်။

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်၊ မိုင်းတုံဒေသသည် ရှမ်းတော်လှန်ရေးအစပြုရာဖြစ်သကဲ့သို့ ရှမ်းတော်လှန်ရေးအဖွဲ့များအတွက် အခြေခံဒေသကောင်းဖြစ်သည်။ ထိုင်းနယ်စပ်လည်း ဖြစ်သဖြင့် ခေတ်အဆက်ဆက်ရှမ်းတပ်ဖွဲ့များ ကောင်းစွာအခြေချနိုင်ခဲ့သည်။ ထိုဒေသရှိ ရှမ်းလက်နက်ကိုင် တပ်ဖွဲ့များအား ဖြိုခွဲရန် မြန်မာစစ်တပ်သည် ဒေသခံ လားဟူ၊ အာခါ ပြည်သူစစ်များ မွေးထုတ်ခဲ့သည်။ ထို့ပြင် ၁၉၉၀ နောက်ပိုင်း 'ဝ' တပ်ဖွဲ့နှင့် 'ဝ' လူမျိုးများကို ပြောင်းရွှေ့အခြေချခွင့်ပြုခဲ့၏။



SNA ခေါ် ရှမ်းနီ အမျိုးသား တပ်မတော် တပ်ဖွဲ့ဝင်များ/ဧရာဝတီ

မတူသော လူမျိုးများကြား အမုန်းပွားစေသည့် လူမျိုးရေး မီးထိုးခဲ့သည်။ ရှမ်းတို့၏ အခြေခံဒေသကို အားနည်းချည့်နဲ့အောင် ပြုလုပ်ခဲ့၏။ ရခိုင်တွင်လည်း ရခိုင်နှင့် မွတ်စလင်ကြား ပဋိပက္ခကို မြန်မာစစ်တပ်က အသုံးချခဲ့ပြီး ရခိုင်ကို ထိန်းချုပ်ထားခဲ့ သည်။

သို့သော် ၂၀၁၉၊ ၂၀၂၀ မှစ၍ AA သည် ထိုပြဿနာကို ကောင်းစွာဂရုစိုက်ကိုင်တွယ်ခဲ့သည်။ မွတ်စလင်များနှင့် ယုံကြည်မှု ရအောင် တည်ဆောက်ခဲ့သည်။ သို့ဖြစ်ရာ ယနေ့ကာလတွင် မြန်မာစစ်တပ်သည် ရခိုင်တွင် ရခိုင်နှင့် မွတ်စလင်ကြား မီးထိုး၍ ပြဿနာဖန်တီးကာ တော်လှန်ရေးတပ်ဖွဲ့များကို အင်အားချည့်နဲ့အောင်လုပ်၍ မရနိုင်တော့ပေ။

လက်ရှိ မြန်မာစစ်တပ်ဖန်တီးနေသော ရှမ်းနီနှင့် ကေအိုင်အေကြား လူမျိုးရေး မီးထိုးမှုတွင် အရေးပါသည့် နေရာ၌ ရှိနေသည်မှာ SNA တပ်ဖွဲ့ ဖြစ်နေ၏။ SNA သည် လက်နက်ကိုင်တပ်ဖွဲ့တခုဖြစ်နေ၍ လူမျိုးရေး ပဋိပက ◌ခဖန်တီးရန် အရေးပါ နေသည်။

သို့ဖြစ်ရာ SNA နှင့် SNA ထောက်ခံသူများ စဉ်းစားရန်လိုအပ်သည်မှာ မြန်မာစစ်တပ်၏ အသုံးချခံ အဖြစ်ခံမည်လော၊ မြန်မာ စစ်တပ်နှင့် ပူးပေါင်း၍ ရှမ်းနီလူမျိုးတို့ အခွင့်အရေးရမည်ဆိုလျှင် စစ်တပ်က အာဏာသိမ်းခဲ့သည့် အနှစ် ၆၀ အတွင်း မည်သည့် အတွက်ကြောင့် မရခဲ့သနည်း။

*မြန်မာစစ်တပ်နှင့် ပူးပေါင်းပါက ၎င်းတို့၏ လက်အောက်ခံ ပြည်သူ့စစ်အဖြစ်သာ သဘောထားမည်မှာ ရှင်းလင်းနေသည်ဖြစ်ရာ ထိုအဆင့်သည် SNA အတွက် ကျေနပ် လောက်ဖွယ်ရာ နိုင်ငံရေး အဆင့်အတန်းလော ဆိုသည်များကို ဝေဖန်သုံးသပ်ရန် လို၏။*

လက်ရှိ ဒေသတွင်း ပဋိပက္ခ ဖြစ်နေသည့် PDF များမှာ ရှမ်းနီလူမျိုးများသာ ဖြစ်ရာ ရှမ်းနီလူမျိုးချင်းပဋိပက္ခကို လက်နက်ကိုင်ပဋိပက္ခအဆင့်အထိ ရောက်ရှိခြင်းသည် သင့်တော်ပါ၏လော၊ မြန်မာစစ်တပ်နှင့် ပူးပေါင်းပါက ၎င်းတို့၏ လက်အောက်ခံ ပြည်သူ့စစ်အဖြစ်သာ သဘောထားမည်မှာ ရှင်းလင်းနေသည်ဖြစ်ရာ ထိုအဆင့်သည် SNA အတွက် ကျေနပ် လောက်ဖွယ်ရာ နိုင်ငံရေး အဆင့်အတန်းလော ဆိုသည်များကို ဝေဖန်သုံးသပ်ရန် လို၏။

ထို့ပြင် ဒေသတွင်း အတူတကွနေထိုင်ကြသော လူမျိုးများကြား လူမျိုးရေး ပဋိပက္ခ၊ အဖွဲ့အစည်းများကြား ပဋိပက္ခ ဆိုသည်မှာ ဖြစ်တတ်လေ့ရှိပြီး မှန်ကန်စွာ ဖြေရှင်းရန် လိုသည်။ မဖြေရှင်းနိုင်ဘဲ လူမျိုးရေး ပဋိပက္ခဖြစ်ပွားပါက မည်သည့် လူမျိုး၊ မည်သည့်တော်လှန်ရေးအဖွဲ့အစည်းမှ အကျိုးမရှိဘဲ ဒေသတွင်း မတည်ငြိမ်မှုနှင့် အကျိုးစီးပွား ပျက်စီးမှုသာ ဖြစ်စေပြီး မြန်မာစစ်တပ် အာဏာခိုင်မြဲစေမည်သာ ဖြစ်သည်။

တကယ်တော့ SNA သည် ၂၀၂၁ ခုနှစ်၊ နိုင်ငံရေး အလှည့်အပြောင်းတွင် မြန်မာစစ်တပ်ကို ဦးတည်တိုက်ခိုက်ပြီး NUG/ PDF တို့နှင့် ပူးပေါင်းဆောင်ရွက်မှု ရှိပါက SNA သည် လူထုထောက်ခံမှု တရိုန်ထိုးရမည်မှာ အသေအချာပင် ဖြစ်သည်။

SNA အဖွဲ့အစည်း၏ အခန်းသည်လည်း မြင့်မားပြီး အခြားတိုင်းရင်းသား အဖွဲ့အစည်းများအပေါ် လူထုလူတန်းစား အဖွဲ့ အစည်းများ၏ အသိအမှတ်ပြုမှု ကောင်းစွာရရှိနိုင်မည်ဖြစ်သည်။
ယခုလည်း ထိုအခွင့်အရေးကို ပြန်လည်ရယူနိုင်ရန် အချိန်အခါတော့ မနှောင်းသေးပေ။ ပြောင်းလဲ၍ ရနိုင်သေးသည်။

ထိုအချက်နှင့် ပတ်သက်၍ SNA တပ်ဖွဲ့ဝင်များအနေနှင့် ကောင်းစွာ ဝေဖန်ပိုင်းခြားရန်လိုအပ်၏။ တဖက်ကလည်း SNA အား မြန်မာစစ်တပ်ဖက်သို့ တွန်းမပို့ရန် လိုအပ်သည်။ မည်သို့ဆိုစေ ရှမ်းနီကို အခြေပြုပြီး လှုံ့ဆော်နေသည့် လူမျိုးရေး ပဋိပက္ခများ ပေါ်ပေါက်မလာရေးအတွက် ကေအိုင်အေ၊ PDF တို့တွင် တာဝန်ရှိသကဲ့သို့ SNA တွင်လည်း တာဝန်ရှိပေ သည်။

*(ကိုဦးသည် တိုင်းရင်းသားအရေးလေ့လာသူတဦး ဖြစ်သည်။)*

https://burma.irrawaddy.com/article/2022/09/10/254430.html

-------------------------------------------------------------------------------------------

## နိုင်/ကျဉ်း အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ ဖိနှိပ်ခံနေရ

By ဧရာဝတီ | 10 September 2022

အာဏာသိမ်းမှုကို ဆန့်ကျင်၍ ဖမ်းဆီးထောင်ချခံထားရသည့် နိုင်ငံရေး အကျဉ်းသူများမှာ အကျဉ်းထောင်များအတွင်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု အပါအဝင် ဖိနှိပ်မှုမျိုးစုံ ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဧရာဝတီက စုံစမ်းသိရှိရသည်။

ထောင်ဝင်စာလာခြင်း၊ ဆေးခန်းသွားရခြင်း၊ ရုံးထုတ်ခြင်းများ အတွက် အပြင်ထွက်ရချိန်တွင် ထောင်ဝန်ထမ်းများ၏ ရှာဖွေမှုအဆင့်ဆင့်ကို ခံရသည့်အချိန်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် စော်ကားခံရမှုများ ရှိနေကြောင်း အင်းစိန်ထောင်မှ ပြန်လွတ်မြောက်လာသူ အမျိုးသမီးတဦးက ဆိုသည်။

၎င်းက **“**လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေက အများကြီးပဲ။ နေ့စဉ် ထောင်ဝင်စာလာတာ၊ ရုံးထုတ်တာ၊ ဆေးခန်းသွား တာမျိုးတွေမှာ သွားတိုင်း ရှာဖွေရေးအဆင့်ဆင့်ကို ဖြတ်ရတယ်။ အဲဒီအခါမှာ ခန္ဓာကိုယ်က ရင်သားတွေကို ကိုင်တာ

တွေ၊ မိန်းမကိုယ်တွေထဲထိ နှိုက်ပြီးတော့မှ စစ်တာမျိုးတွေ အများကြီးပဲ ရှိတယ်။ ဒါက နေ့စဉ်ရက်ဆက် ရှိနေတဲ့ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုတွေပေါ့။ တခါတလေ စစ်ရင်းနဲ့ နင့်ပစ္စည်းက ကြီးတယ်သေးတယ်ဆိုပြီး ပါးစပ်အရသာခံတဲ့ ထောင်ဝန်ထမ်းတွေလည်း ရှိတယ်” ဟု ပြောပြသည်။

ထိုသို့ ရှာဖွေရသည့် ရည်ရွယ်ချက်မှာ တရားမဝင်ပစ္စည်းများ၊ တားမြစ်ထားသည့် ဆေးဝါးများ၊ ပိုက်ဆံ၊ စာ စသည်တို့ ပါလာမည်စိုးခြင်းကြောင့် ဖြစ်ကြောင်း ထောင်ဝန်ထမ်းများဘက်က အကြောင်းပြသည်ဟု ဆိုသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း အကျဉ်းထောင်များအတွင်း နိုင်ငံရေးဆက်စပ်မှုဖြင့် ဖမ်းဆီးခံထားရသည့် အမျိုးသမီးများအနက် အသက် ၂ နှစ် အရွယ် ကလေးမှစ၍ အသက် ၇၀ ကျော်အရွယ်ထိ ပါဝင်ပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးများလည်း ပါဝင်သည်။

နိုင်ငံရေး အကျဉ်းသူ အမျိုးသမီးများမှာ ကျန်းမာရေးစောင့်ရှောက်ခွင့် အပြည့်အဝ မရရှိကြသည့် အပြင် ဖိနှိပ်မှုအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နေရသည်ဟုဆိုသည်။

အမျိုးသမီးများ လစဉ်ဓမ္မတာ ကိစ္စရပ်များအတွက်လည်း အမိန့်ချမှတ်ခံရပြီး အကျဉ်းကျနေသူများ အတွက်သာ ၁ ဦးကို ၁ လလျှင် လစဉ်သုံးဂွမ်းထုပ် ၁ ထုပ်စီသာ ရရှိပြီး တရားရင်ဆိုင်နေရဆဲ အမျိုးသမီးများအတွက် ရရှိခြင်းမရှိသဖြင့် မျှဝေသုံးစွဲကြရကြောင်းလည်း ပြန်လွတ်လာသူများက ပြောပြသည်။

အကျဉ်းထောင်နှင့် နီးစပ်သူတဦးကလည်း “နိုင်ငံရေးအကျဉ်းသားနဲ့ တခြားရာဇဝတ်မှု အကျဉ်းသားတွေကို ခွဲခြားဆက်ဆံတာတွေ အများကြီး ရှိတယ်။ အဲဒီထဲကမှ အဆိုးဆုံးက တခြားပြစ်မှုတွေနဲ့ နိုင်ငံရေးသမားတွေကို ရန်တိုက်ပေးထားတာ။ တခြားပြစ်မှုသမားတွေကို ပြောထားတယ်။ နိုင်ငံရေးသမားတွေကို စကားပြောတာမျိုး၊ ကူညီတာမျိုးတွေ လုပ်ရင် နိုင်ငံရေးအမှု ကပ်ပြီးတော့မှ ထောင်တွင်းပြစ်ဒဏ် ထပ်တိုးမယ်ပေါ့။ ဒါမျိုးတွေနဲ့ ခြိမ်းခြောက်ပြီးတော့ စောင့်ကြည့်ခိုင်းထားတာမျိုးတွေ၊ တမင်တကာရည်ရွယ်ပြီးတော့ နှိပ်စက်တာမျိုးတွေ အများကြီးပဲ ရှိတယ်”ဟု ပြောသည်။

ထားဝယ်အကျဉ်းထောင်တွင်း၌လည်း အလားတူ တခြားအမျိုးသမီးအကျဉ်းသူများကို နိုင်ရေးအကျဉ်းသူများအား စောင့်ကြည့်ခိုင်းခြင်းမျိုး ရှိကြောင်း၊ အမျိုးသမီးအဆောင်အတွင်းရှိ မိလ္လာပိုက်လိုင်း အနံ့ဆိုးထွက်နေသည်မှာ ၁ လ ကျော် ကြာပြီဖြစ်သော်လည်း ပြုပြင်ပေးခြင်း မရှိသည့်အတွက် အသက်ရှူကျပ်ခြင်းများ ကြုံတွေ့နေရကြောင်း အကျဉ်း ထောင်နှင့် နီးစပ်သူတဦးက ပြောပြသည်။

အမျိုးသမီးများအဖွဲ့ချုပ်-မြန်မာ၏ အထွေထွေအတွင်းရေးမှူး နော်ဆဲဆဲက “တချို့ အမျိုးသမီး ထောင်တွင်းတာဝန်ရှိသူတွေ အကျဉ်းသူ အမျိုးသမီးတွေရဲ့ တင်ပါးတွေ၊ ရင်သားတွေကို ရိုက်တာမျိုးတွေ ရှိတယ်။ ဆဲတယ်။ ဖိနှိပ်တာတွေ လည်း ရှိတယ်။ အာဏာရှင်လက်ထဲမှာဆိုတော့ အမိန့်နဲ့လုပ်ရတာတွေ ရှိတယ်။ လုပ်ခွင့်ပြုထားတယ်။ အာဏာရှင် ကိုယ်တိုင်ကလည်း အကြမ်းဖက်တဲ့လုပ်ရပ်က သူ့အတွက် ဘာမှမထူးဆန်းဘူးဆိုတော့ သူ့လက်အောက်က လူတွေ ကလည်း ဒီတိုင်းပဲလုပ်ကြတာပဲ” ဟု ဧရာဝတီသို့ ရှင်းပြသည်။



Google Earth မှ မြင်တွေ့ရသည့် အိုးဘိုအကျဉ်းထောင်

ရန်ကုန်မြို့၊ အင်းစိန်ထောင်အတွင်းရှိ အချုပ်ဆောင် ၁ ခုလျှင် ယခင်က လူဦးရေ ၇၀ ခန့် ရှိရာမှ ယခုအခါ ၁၃၀၊ ၁၄၀ ဝန်းကျင်ထိ ရှိနေပြီး ပြည့်သိပ်စွာ နေရကြောင်းလည်း အင်းစိန်ထောင်တွင်းမှ ပြန်လွတ်လာသည့် Generation Wave အဖွဲ့ဝင် မလင်းလက်ဆူးက ပြောသည်။

၎င်းကြုံတွေ့ခဲ့ရသည်များနှင့် ပတ်သက်၍ မလင်းလက်ဆူးက "နေရာကတော့ လက်နှစ်ဖက်ဘေးကပ်၊ ပက်လက် ဆန့် အိပ်လိုက်ရင် ရတဲ့တယောက်စာ နေရာပဲပေါ့။ ပစ္စည်းထားတာပဲဖြစ်ဖြစ်၊ အိပ်တာပဲဖြစ်ဖြစ် အဲဒီနေရာလေးပဲ ရတယ်။ ပိုမရဘူး။ အခန်း အနေအထားကတော့ တခုနဲ့တခု မတူဘူး။ အိပ်ရတဲ့ အနေအထားကတော့ အဲဒီလိုပဲ အိပ်ရတယ်။ လူတွေ အရမ်းများတဲ့အတွက်ကြောင့် တယောက်နဲ့တယောက် မထပ်အောင် အိပ်ရတယ်။ ဒူးကွေးပြီးတော့ အိပ်လို့မရတဲ့ အနေအထားတွေ ရှိတယ်" ဟု ရှင်းပြသည်။

အင်းစိန်အကျဉ်းထောင်တွင် ဖွဲ့စည်းပုံအရ အကျဉ်းသား ၅ ထောင်ဝန်းကျင်သာ ထားရှိရန် သတ်မှတ်ထားသော်လည်း ယခုအခါ အကျဉ်းသား ၁ သောင်းကျော် ရှိနေကြောင်း သိရသည်။

အကျဉ်းထောင်အတွင်း ကျွေးသည့် အစားအသောက်များမှာလည်း သန့်ရှင်းမှု မရှိသည့်အပြင် လူစားသည့်အစာနှင့်ပင် မတူကြောင်း၊ အရသာလုံးဝမရှိဘဲ မသေရုံတမယ်သာ စားသောက်ရ ကြောင်းလည်း အကျဉ်းထောင်မှ ပြန်လွတ်လာသူ များ၏ ပြောပြချက်အရ သိရသည်။

ထိုသို့ အကျဉ်းထောင်အတွင်း ကျွေးသည့် အစားအစာများကို မစားနိုင်သည့်အတွက် မိမိတို့အိမ်မှ ထောင်ဝင်စာလာပို့သည့် အစားအစာများကို စောင့်မျှော်ကြရကြောင်း၊ သို့သော် ထောင်ဝင်စာ ကြန့်ကြာမှုများကြောင့် လက်ဝယ်ရရှိချိန်၌ စား၍မရတော့သည့် အခြေအနေများဖြင့်လည်း ကြုံတွေ့ရကြောင်း ၎င်းတို့က ဆိုသည်။

မလင်းလက်ဆူးက "ကုန်ဈေးနှုန်းတက်တာရယ်၊ စီးပွားရေးခက်ခဲလာတာရယ်ကြောင့် ပုံမှန်မပို့နိုင်တဲ့သူတွေ ရှိတယ်။ မရှိမဲ့ရှိမဲ့နဲ့ အပြင်ကနေ ခြိုးခြံချွေတာပြီး ပို့လိုက်တဲ့ ပစ္စည်းတွေ ကလည်း အထဲကလူဆီ ပြည့်ပြည့်ဝဝ မရောက်တာမျိုး၊ ရောက်တဲ့ပစ္စည်းတွေကလည်း ပျက်စီးနေတာမျိုး။ ဥပမာ မနက်ကတည်းက ထောင်ဝင်စာ လာပို့ထားတယ်။ ညနေ လောက်မှ ကိုယ့်ဆီရောက်တယ်။ အိမ်က ထည့်ပေးလိုက်တဲ့ ဟင်းအစိုတွေက ကိုယ့်ဆီရောက်လာတဲ့အချိန်မှာ သိုးနေ တာမျိုးတွေ ဖြစ်နေပြီ။ ရတဲ့ပစ္စည်းတွေကလည်း အပျက်အစီးတွေ အများကြီးနဲ့ ရတယ်ပေါ့လေ" ဟု ရှင်းပြသည်။

ထို့အတူ နိုင်ငံရေးအမှုများဖြင့် အကျဉ်းကျနေသည့် မန္တလေး အိုးဘိုးထောင်တွင်းက အမျိုးသမီးများသည်လည်း လူ့ အခွင့်အရေး ချိုးဖောက်ခံရမှုများအပြင် အမှုရင်ဆိုင်ဆဲ အကျဉ်းသူများအား ပန်းရံလုပ်ခိုင်းခြင်း၊ ဘိလပ်မြေအိတ်များ သယ်ခိုင်းခြင်း၊ အဆောင်များကို ထုံးသုတ် ဆေးသုတ်ခိုင်းခြင်း၊ ကျောက်ပြားများသယ်ခိုင်းခြင်း၊ ထုံးရေဖျော်ပုံးများ သယ်ခိုင်းခြင်း စသည်ဖြင့် ခိုင်းစေမှုများရှိကြောင်း ထောင်ဝင်စာ ပို့နေသူများက ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဧရာ ဝတီသို့ ပြောဆိုထားသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) က ထုတ်ပြန်ထားသည့် အချက်အလက်များအရ စစ်တပ်က အာဏာသိမ်းလိုက်သည့် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ဇူလိုင် ၃၁ ရက်ထိ အမျိုးသမီး ၂၃၇၂ ဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး စစ်ကောင်စီ လက်ချက်ကြောင့် အမျိုးသမီး ၂၄၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။



Google Earth မှ မြင်တွေ့ရသည့် ထားဝယ်အကျဉ်းထောင်

အဆိုပါ အချက်အလက်များမှာ မြန်မာ့အမျိုးသမီးသမဂ္ဂနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) တို့က ကောက်ယူထားသည့် အချက်အလက်များဖြစ်ပြီး မြေပြင်တွင် ယခုထက် ပိုများနိုင်ကြောင်း ၎င်းတို့က ဆိုထားသည်။

ထို့ပြင် စက်တင်ဘာ ၇ ရက်နေ့ထိ နွေဦးတော်လှန်ရေးနှင့် ဆက်စပ်၍ သေဒဏ်ချမှတ်ခံထားရပြီး အကျဉ်းထောင်များ တွင် ထိန်းသိမ်းခံနေရသူပေါင်း ၈၄ ဦး ရှိသည့်အနက် အမျိုးသမီး ၈ ဦး ပါဝင်ကြောင်း သိရသည်။

ပြည်တွင်းရှိ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားများအပေါ် ထောင်တွင်း ညှဉ်းပန်းနှိပ်စက်မှုများ၊ လူ့အခွင့် အရေးချိုးဖောက်မှုများ ကျူးလွန်နေကြောင်း အကျဉ်းထောင်တွင်းမှ ထွက်ပေါ်လာသည့် ပေးစာများ၊ ထောင်မှပြန်လွတ် လာသူများ၏ ပြောပြချက်များအရ သိနေရသော်လည်း အာဏာသိမ်း စစ်ကောင်စီသည် ထောင်တွင်း အခြေအနေများ နှင့် ပတ်သက်ပြီး သတင်းအမှောင်ချထားသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အနေဖြင့် မြန်မာနိုင်ငံရှိ ထောင်များသို့ သွားရောက်၍ လေ့လာသုံး သပ်သည့် လုပ်ငန်းစဉ်များ ပြန်လည် လုပ်ခွင့်ပေးရန်နှင့် အကျဉ်းသားများ၏ မိသားစုဝင်များ ထောင်ဝင်စာ သွားရောက် တွေ့ဆုံခွင့် အမြန်ဆုံးဆောင်ရွက် ပေးရန် တောင်းဆိုချက်အား စစ်ကောင်စီက ခွင့်မပြုခဲ့ကြောင်း ပြီးခဲ့သည့် ဇွန် ၂၀ ရက်က ICRC ထုတ်ပြန်ချက်အရ သိရသည်။

ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအစိုးရများ၊ ICRC နှင့် အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မြန်မာပြည် အကျဉ်းထောင်များအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ သတင်းအမှောင်ချခံထားရမှုများကို အမြန်ဆုံးနှင့် အထိ ရောက်ဆုံး ကာကွယ် အရေးယူပေးရန်လည်း AAPP အပါအဝင် လူ့အခွင့်အရေးလှုပ်ရှားနေသူများက အစဉ်တစိုက် တိုက်တွန်းတောင်းဆိုလျက် ရှိသည်။

https://burma.irrawaddy.com/news/2022/09/10/254440.html

---------------------------------------------------------------------------------------------------------

## နေပြည်တော်တွင် မဘသများ ပါဝင်သည့် ပြည်သူ့စစ်အဖွဲ့များကို သင်တန်းပေးနေ

Published By DVB | 12 September, 2022




နေပြည်တော်ရဲ့ ကျေးရွာရပ်ကွက်တိုင်းနီးပါးမှာ မဘသအဖွဲ့ဝင်တွေပါဝင်တဲ့ ပြည်သူ့စစ်အဖွဲ့တွေ ဖွဲ့စည်းပြီး သင်တန်းတွေ ပေးနေတယ်လို့ သိရပါတယ်။

စစ်ကောင်စီအနေနဲ့ ပြည်သူ့စစ်အဖွဲ့တွေကို နေပြည်တော်မှာ ပြီးခဲ့တဲ့ မေလပိုင်းလောက်ထဲက ဖွဲ့စည်းထားတာဖြစ်ပြီး လက်ရှိအချိန်မှာတော့ အခြေခံစစ်ပညာတွေကို သင်တန်းပေးနေတယ်လို့ သိရပါတယ်။ ပြည်သူ့စစ်တွေကို နေပြည်တော်က ရပ်ကွက်ကျေးရွာတွေအလိုက် ဖွဲ့စည်းထားတယ်လို့လည်း သိရပါတယ်။

"လယ်ဝေးဘက်က ရွာအချို့ကို သင်တန်းပေးပြီးသွားပြီ။ အခု ပျဉ်းမနားထဲမှာ သက်တန်းပေးနေတယ် ပြောတယ်။ ပြည်သူ့စစ်အဖွဲ့ဝင် အများစုကတော့ အုပ်ချုပ်ရေးမှူးတွေနဲ့ နီးစပ်ရာရာတွေပေါ့" လို့ နေပြည်တော် ဒေသခံတယောက်က ပြောပါတယ်။

ပြည်သူ့စစ်တွေအနေနဲ့ မိမိရပ်ရွာကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဖွဲ့စည်းထားတာဖြစ်ပြီး စစ်ကောင်စီက လက်နက်တပ်ဆင်ပေးမှာဖြစ်တယ်လို့လည်း ပြည်သူ့စစ်အဖွဲ့ဝင်တယောက်က ပြောပါတယ်။

စစ်ကောင်စီအနေနဲ့ ပြည်သူ့စစ်အဖွဲ့ဝင်တွေကို ကျေးရွာ၊ ရပ်ကွက်အလိုက် စစ်မှုထမ်းဟောင်းတွေနဲ့ ဦးဆောင်ဖွဲ့စည်းထားပြီး အခုနောက်ပိုင်းမှာ မဘသအဖွဲ့ဝင်တွေကိုပါ ထည့်သွင်းဖွဲ့စည်းထားတယ်လို့လည်း သိရပါတယ်။

https://burmese.dvb.no/archives/553849

---

## စစ်ကောင်စီအကြံပေးက ပိုကောင်းသော စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး တောင်းဆို

By ဧရာဝတီ | 12 September 2022

စစ်ကောင်စီသည် ရွာများကို မီးရှို့ပြီး တရားလက်လွတ် သတ်ဖြတ်မှုများ ကျူးလွန်ကာ အရပ်သားများကို သိမ်းကြုံးတိုက်ခိုက်နေသော်လည်း စစ်ကောင်စီအကြံပေး ဒေါက်တာ ဇော်ဦးက ကောင်းမွန်သော စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး လိုအပ်ကြောင်း ပြောပြီး မြန်မာ့အရေးနှင့် ပတ်သက်သူများ အားလုံးအနေဖြင့် သူ၏ တောင်းဆိုမှုကို အလေးထားရန် တိုက်တွန်းခဲ့သည်။

"ခုချိန်ထိ ဒီကိစ္စကို ဘယ်သူမှ မပြောသေးဘူး။ ဒီကိစ္စကို အလေးအနက် စဉ်းစားမှသာ ကျနော်တို့ ကျရောက်နေတဲ့ အကျပ်အတည်းကို ဖြေရှင်းနိုင်မယ်" ဟု ထိုင်းနိုင်ငံ၊ ဘန်ကောက်ရှိ ချူလာလောင်ကွန်း တက္ကသိုလ်တွင် ကျင်းပသည့် မြန်မာစစ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲအမည်ရှိ ဆွေးနွေးပွဲတွင် လွတ်လပ်သော အာရှအသံ (RFA) နှင့် သီးခြားတွေ့ဆုံမေးမြန်းခန်း၌ ၎င်းကပြောသည်။ သူသည် ထိုဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူ ၅ ဦးထဲတွင် ပါဝင်သည်။

ဒေါက်တာ ဇော်ဦးသည် မြန်မာနိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲမှုကို အထောက်အကူပြုရန် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရ ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် စီးပွားရေး သုတေသနလုပ်ငန်းဖြစ်သော မြန်မာ ဖွံ့ဖြိုးတိုးတက်ရေး အင်စတီကျု (MDI) ကို ပြင်ဆင်ဖွဲ့စည်းရန် စစ်ကောင်စီက ဇူလိုင်လ ၁၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် အကြံပေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်သည်။ ယခင်က ထိုအဖွဲ့၏ ဒါရိုက်တာမှာ အာဏာသိမ်း စစ်တပ်က ဖမ်းဆီးတရားစွဲဆိုထားသည့် ဩစတြေးလျ စီးပွားရေးပညာရှင် ဒေါက်တာ ရှောင်တာနဲလ် ဖြစ်သည်။ ထိုအင်စတီကျုကို စစ်ကောင်စီက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖျက်သိမ်းခဲ့သည်။

*ဒေါက်တာ ဇော်ဦးသည် မြန်မာနိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲမှုကို အထောက်အကူပြုရန် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရ ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် စီးပွားရေး သုတေသနလုပ်ငန်းဖြစ်သော မြန်မာ ဖွံ့ဖြိုးတိုးတက်ရေး အင်စတီကျု (MDI) ကို ပြင်ဆင်ဖွဲ့စည်းရန် စစ်ကောင်စီက ဇူလိုင်လ ၁၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် အကြံပေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်သည်။*

ဒေါက်တာ ဇော်ဦးသည် မြန်မာတွင် "အားလုံးအကျုံးဝင်သည့် တိုးတက်မှု" ရရှိရေးအတွက် လုပ်ဆောင်နေသော လွတ်လပ်သော သုတေသနလုပ်ငန်းဖြစ်သည့် စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုဌာန (CESD) ၏ အမှုဆောင် ဒါရိုက်တာလည်း ဖြစ်သည်။ သူသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စစ်တပ်လက်ဝေခံ ဦးသိန်းစိန်အစိုးရအတွက် သမ္မတ၏ စီးပွားရေး အကြံပေးတဦးဖြစ်ခဲ့ပြီး ဘဏ္ဍာရေး၊ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်သမားဆိုင်ရာ ကိစ္စများအတွက် အဓိက အကြံပေးအဖြစ် ဆောင်ရွက်သည်။ သူသည် Bower Group Asia Myanmar Co. Ltd ၏ မန်နေဂျင်း ဒါရိုက်တာလည်းဖြစ်သည်။ ထိုကုမ္ပဏီသည် အာရှ-ပစိဖိတ် ဒေသကို အထူးပြုသည့် သေနင်္ဗျူဟာ အတိုင်ပင်ခံလုပ်ငန်း Bower Group Asia ၏ လက်အောက်ခံလုပ်ငန်း ဖြစ်သည်။

စစ်ဘက်-စစ်ဘက် ဆက်ဆံရေးသာဖြစ်

တချိန်က သမ္မတ၏ အကြံပေးဖြစ်ခဲ့သော ဒေါက်တာ ဇော်ဦးက သူ၏ဆရာသမား ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် အတုအယောင် ရွေးကောက်ပွဲဖြင့် အာဏာရလာပြီးနောက် အစိုးရခေါင်းဆောင် အနေဖြင့် ကောင်းမွန်သော စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ကြောင်း ချီးကျူးသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးပါတီသည် ရွေးကောက်ပွဲတွင် တောင်ပြိုကမ်းပြိုနိုင်ပြီးနောက် ၂၀၁၆ ခုနှစ်တွင်

ဦးသိန်းစိန်အစိုးရကို ဆက်ခံသည်။ လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလတွင်မူ စစ်တပ်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်စိုးရကို အာဏာသိမ်းလိုက်သည်။

“သမ္မတဦးသိန်းစိန်က သူ့ရာထူးသက်တမ်းအတွင်း စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကို ကောင်းကောင်း စီမံနိုင်တယ်။ အဲဒီလို စီမံခန့်ခွဲမှုမျိုးသာ ဆက်လက် ရှင်သန်နိုင်ရင် နိုင်ငံရေးနဲ့ စီးပွားရေး စီမံခန့်ခွဲမှုဟာ အခုထက် ပိုမိုကောင်းမွန်မယ်လို့ ကျနော်ယုံကြည်တယ်” ဟု ထိုတွေ့ဆုံ မေးမြန်းခန်းတွင် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံ ခံစားနေရသော စီးပွားရေး၊ နိုင်ငံရေး ဖရိုဖရဲဖြစ်မှုများကို ရည်ညွှန်းပြီး သူကပြောသည်။

၂၁ ရာစုတွင် အာဏာသိမ်းခြင်းသည် ခေတ်မမီတော့ကြောင်း ဒေါက်တာ ဇော်ဦးက ပြောသော်လည်း စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကောင်းခြင်းသည် လွန်စွာအရေးကြီးကြောင်းနှင့် မြန်မာပြဿနာများ ဖြေရှင်းရေး ပါဝင်ဆောင်ရွက်သူများ အားလုံးသည် ထိုကိစ္စကို အလေးအနက်ထားသင့်ကြောင်း မကြာသေးမီနှစ်များက စစ်အုပ်ချုပ်ရေးကျရောက်သည့် အိမ်နီးချင်း ထိုင်းနိုင်ငံကို ထောက်ပြပြီး ၎င်းကပြောသည်။

“သူတို့က သူတို့ရဲ့ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးတွေကို ကျနော်တို့လို စိန်ခေါ်မှုတွေ မရင်ဆိုင်ဘဲ ကောင်းကောင်းစီမံနိုင်တယ်။ သူတို့စီးပွားရေးက အကျပ်အတည်းမဖြစ်ဘဲ ဆက်လက်တိုးတက်နေတယ်” ဟုလည်း သူကပြောသည်။

သို့သော် ပြည်တွင်း နိုင်ငံရေးသုတေသီများက ဦးသိန်းစိန်အစိုးရသည် စစ်ဝတ်စုံမှ အရပ်သားဝတ်စုံ ဝတ်ထားသည့် စစ်အရာရှိအများစုသာ ပါဝင်ပြီး ဒေါက်တာ ဇော်ဦးပြောသည့် ကောင်းမွန်သည့် စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကို ပယ်ချသည်။

“အဲဒါကတော့ စစ်သားဟောင်းနဲ့ စစ်သားတွေကြားက ဆက်ဆံရေးပါ။ ဆက်ဆံရေး ကောင်းလား မကောင်းလားဆိုတာ မေးစရာမလိုပါဘူး” ဟု လုံခြုံရေးအခြေအနေအရ အမည်မဖော်လိုသော ထိုသူက ပြောသည်။

*၂၁ ရာစုတွင် အာဏာသိမ်းခြင်းသည် ခေတ်မမီတော့ကြောင်း ဒေါက်တာ ဇော်ဦးက ပြောသော်လည်း စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကောင်းခြင်းသည် လွန်စွာအရေးကြီးကြောင်းနှင့် မြန်မာပြဿနာများ ဖြေရှင်းရေး ပါဝင်ဆောင်ရွက်သူများ အားလုံးသည် ထိုကိစ္စကို အလေးအနက်ထားသင့်ကြောင်း မကြာသေးမီနှစ်များက စစ်အုပ်ချုပ်ရေးကျရောက်သည့် အိမ်နီးချင်း ထိုင်းနိုင်ငံကို ထောက်ပြပြီး ၎င်းကပြောသည်။*

“သူ (ဒေါက်တာ ဇော်ဦး) က ဦးသိန်းစိန်ကို ချီးကျူးပြီး NLD နဲ့ စစ်တပ်ဆက်ဆံရေး မကောင်းတာကို အပြစ်တင်ချင်တဲ့ သဘောမျိုး ဖြစ်နေတာ။ ပြီးတော့ သူက ထိုင်းနိုင်ငံကို အားကျနေတယ်။ သူက နိုင်ငံမှာ စစ်တပ်အုပ်ချုပ်ရေးကို အားပေးနေတာ” ဟု ၎င်းကပြောသည်။

ဒေါက်တာ ဇော်ဦးသည် ယနေ့ မြန်မာအကျပ်အတည်း၏ အဓိကအကြောင်းရင်းဖြစ်သော စစ်အာဏာသိမ်းမှုကို လျစ်လျူရှုပြီး စစ်ကောင်စီကို ဖုံးကွယ်ပေးနေသည်ဟု နိုင်ငံရေးသုတေသီများက ပြောသည်။

မြန်မာသည် လွန်ခဲ့သောနှစ် အာဏာသိမ်းမှုနောက်ပိုင်းတွင် ကျဆုံးနိုင်ငံ ဖြစ်လုနီးပါးအခြေအနေ ရောက်နေသည်။ အာဏာသိမ်းပြီးနောက် ၁၉ လကြာသောအခါ နိုင်ငံစီးပွားရေးသည် မကြုံစဖူး ကျဆင်းနေပြီး နိုင်ငံခြား အရန်ငွေ ကုန်ခမ်းနေသည်။ ငွေလဲနှုန်း မတည်ငြိမ်မှုကြောင့် ပြည်ပမှ တင်သွင်းရသော လောင်စာဆီ မလုံလောက်မှု မကြာခဏ ဖြစ်လာသည်။ ငွေလဲနှုန်းသည် စံချိန်တင်မြင့်မားလာပြီး ပြည်သူများ၏ ဒုက္ခကို ပိုမိုဆိုးရွားစေသည်။ တချိန်တည်းတွင် စစ်ကောင်စီသည် တရားလက်လွတ် သတ်ဖြတ်ခြင်း၊ ရွာများကို မီရှို့ခြင်းနှင့် စစ်ကောင်စီဆန့်ကျင်ရေး အင်အားစုများ၏ အမာခံ လူမှုအသိုက်အဝန်းများအား လေကြောင်းမှ တိုက်ခိုက်ခြင်းတို့ကို ဆက်လက် ကျူးလွန်နေသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့တွင် ဧရာဝတီ သတင်းဌာနက ဆက်သွယ်မေးမြန်းသည့်အခါ ဒေါက်တာ ဇော်ဦးက တုံ့ပြန်ဖြေကြားခြင်း မရှိပေ။

ဘက်ပြောင်းခြင်း

သမ္မတ၏ စီးပွားရေးအကြံပေးမလုပ်မီ ဒေါက်တာ ဇော်ဦးသည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုမှ မွေးဖွားလာသည့် ကျောင်းသား တော်လှန်ရေးအဖွဲ့ဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) အဖွဲ့ဝင် ဖြစ်သည်။

*အာဏာသိမ်းပြီးနောက် ၁၉ လကြာသောအခါ နိုင်ငံစီးပွားရေးသည် မကြုံစဖူး ကျဆင်းနေပြီး နိုင်ငံခြား အရန်ငွေ ကုန်ခမ်းနေသည်။ ငွေလဲနှုန်း မတည်ငြိမ်မှုကြောင့် ပြည်ပမှ တင်သွင်းရသော လောင်စာဆီ မလုံလောက်မှု မကြာခဏ ဖြစ်လာသည်။ ငွေလဲနှုန်းသည် စံချိန်တင်မြင့်မားလာပြီး ပြည်သူများ၏ ဒုက္ခကို ပိုမိုဆိုးရွားစေသည်။*

သူသည် ထိုစဉ်က အဝေးရောက်အစိုးရဖြစ်သော မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ၏ မူဝါဒဆိုင်ရာ အကြံပေးနှင့် NCGUB ၏ သုတေသနအဖွဲ့ဖြစ်သော Burma Fund ၏ ဒါရိုက်တာလည်း ဖြစ်သည်။ ထိုတာဝန်များကို ထမ်းဆောင်စဉ်က သူသည် စစ်အုပ်စုကို ဝေဖန်သည့် ထင်ရှားသူလည်း ဖြစ်သည်။

နောက်ပိုင်း ၂၀၀၆ ခုနှစ်တွင် ဒေါက်တာ ဇော်ဦးသည် မြန်မာတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် လူမှုအခြေပြုအဖွဲ့အစည်းများ တောင့်တင်းကြံ့ခိုင်ရေးအတွက် မူဝါဒ အထောက်အကူပြုအဖွဲ့ဖြစ်သည့် ဗဟု ဖွံ့ဖြိုးရေးအဖွဲ့ (VDI) ကို ပူးတွဲ တည်ထောင်သူ ဖြစ်လာသည်။



(ဝဲမှယာ) ဦးအောင်သူငြိမ်း၊ ဒေါက်တာ တင်မောင်သန်း၊ ဒေါက်တာ ဇော်ဦးနှင့် ဦးအောင်နိုင်ဦး / Vahu Development Institute

VDI ကိုတည်ထောင်သည့် အခြားအဖွဲ့ဝင်များမှာ ဦးအောင်နိုင်ဦး၊ ဦးအောင်သူငြိမ်းနှင့် ဦးတင်မောင်သန်း တို့ဖြစ်သည်။

ဦးအောင်နိုင်ဦးသည်လည်း ABSDF အဖွဲ့ဝင်ဟောင်းဖြစ်ပြီး နောင်တွင် ဦးသိန်းစိန်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ငြိမ်းချမ်းရေး ညှိနှိုင်းရေးအတွက် လုပ်ကိုင်ခဲ့သည်။ ညှိနှိုင်းမှုများ အဆင်ပြေစေရန် ဦးသိန်းစိန်၏ အပြည့်အဝထောက်ခံမှုဖြင့် ဖွဲ့စည်းထားသည့် မြန်မာ ငြိမ်းချမ်းရေးဌာန (MPC) ကို ၎င်းတို့ ထူထောင်ကြသည်။ ထိုဌာနသည် အစိုးရနှင့်ပတ်သက်နေပြီး အနောက်တိုင်းမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ငွေကြေးထောက်ပံ့မှုဖြင့် မပြီးဆုံးသေးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ငွေကြေးအမြောက်အမြား ရရှိနေသော အဖွဲ့ဖြစ်သည်။ သူသည် စစ်အုပ်စုနှင့် ဆက်ဆံရေးကောင်းသူလည်း ဖြစ်သည်ဟု ကျော်ကြားသည်။

လွန်ခဲ့သောနှစ် နိုဝင်ဘာလတွင်မူ ဦးအောင်နိုင်ဦးနှင့် အခြားသူ ၃ ဦးတို့သည် စင်ပြိုင် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) နှင့် လက်နက်ကိုင်အဖွဲ့အစည်း ပြည်သူ့ကာကွယ်ရေးတပ် (PDF) က သတ်ဖြတ်မည့်သူများစာရင်းတွင် ပါဝင်နေကြောင်း နိုင်ငံတကာသံရုံးများသို့ စာရေးသားပေးပို့သည်။ NUG က ထိုပြောဆိုချက်ကို ပယ်ချပြီး ထိုသတ်ဖြတ်မည့်သူများ စာရင်းဆိုသည်မှာ စိတ်ကူးယဉ်မှုဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

(ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ Myanmar Junta Adviser Calls for Better Civil-Military Relations ကိုဆီလျော်အောင် ဘာသာပြန်သည်။)

https://burma.irrawaddy.com/article/2022/09/12/254457.html

-----------------------------------------------------------------------------------------------

## ပြည်ပရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁ ဘီလီယံကျော် ဝင်ရောက်၊ စင်ကာပူကအများဆုံးဖြစ်

Published By DVB | 12 September, 2022

မြန်မာနိုင်ငံမှာ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ ဩဂုတ်လကုန်အထိ ၅ လအတွင်းမှာ ပြည်ပနိုင်ငံတွေရဲ့ရင်းနှီးမြှုပ်မှုက တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၀ ဘီလီယံရှိကြောင်း စစ်ကောင်စီ လက်အောက်ခံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားတဲ့ စာရင်းအရ သိရပါတယ်။

အခုဘဏ္ဍာနှစ်အတွင်းမှာ စင်ကာပူနိုင်ငံရဲ့ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာ ၁ ဘီလီယံကျော်နဲ့ အများဆုံးဖြစ်ပြီးတော့၊ ဟောင်ကောင် ရင်းနှီးမြှုပ်နှံမှုက ဒုတိယ၊ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက တတိယ နေရာမှာရှိပါတယ်။ ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)နဲ့ အိန္ဒိယနိုင်ငံတို့ကလည်း ပမာဏအနည်းငယ် ဝင်ရောက် ရင်းနှီးမြှုပ်နှံထားကြပါတယ်။

စွမ်းအင်ကဏ္ဍမှာ ဒေါ်လာသန်း ၇၀၀ ကျော် အများဆုံးဝင်ရောက်ထားပြီးတော့၊ ဝန်ဆောင်မှုကဏ္ဍမှာ ဒေါ်လာသန်း ၄၀၀ နီးပါးနဲ့ ဒုတိယအများဆုံးဝင်ရောက်ထားပါတယ်။ တခြားကဏ္ဍတွေဖြစ်တဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ သန်း ၁၂၀ကျော်၊ အိမ်ခြံမြေ ကဏ္ဍမှာ ၂၉ သန်း၊ လယ်ယာကဏ္ဍမှာ ဒေါ်လာ ၁ သန်းနဲ့ ရေထွက်ပစ္စည်းကဏ္ဍမှာ ၁ ဒသမ ၅ သန်းကျော် အသီးသီးဝင်ရောက်ခဲ့တယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်တဲ့ စာရင်းမှာ ဖော်ပြပါတယ်။

အခုဘဏ္ဍာနှစ် နှစ်ဝက်ပြည့်ဖို့ တစ်လအလိုမှာ ၁ ဒသမ ၂၃၀ ဘီလီယံသာ ဝင်ရောက်ခဲ့တာဖြစ်လို့ အဲဒီပမာဏက ဆယ်စုနှစ်တစ်ခုအတွင်း အနိမ့်ဆုံး ဝင်ရောက်မှုလို့ ပြောနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ နှစ်အလိုက်ဝင်ရောက်ခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကြည့်မယ်ဆိုရင် အနိမ့်ဆုံးဝင်ရောက်မှု အနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၄ဒသမ ၁ ဘီလီယံကျော်၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှာ ဒေါ်လာ ၈ ဘီလီယံကျော် ၊၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၉ ဒသမ ၄ ဘီလီယံကျော်ထိ စံချိန်တင်အများဆုံးဝင်ရောက်ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၆ ဘီလီယံကျော်၊၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ၅ ဒသမ ၇ ဘီလီယံကျော်၊၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ၄ ဒသမ ၁၅၈ ဘီလီယံ အသီးသီး ဝင်ရောက်ခဲ့ပါတယ်။

NLDအစိုးရတာဝန်ယူထားတဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ဝင်ရောက်ခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏက ၄ ဒသမ ၈ ဘီလီယံကျော် ရှိခဲ့ပြီး၊ NLD စိုးရလက်ထက်မှာ ၄ လ၊ စစ်ကောင်စီလက်အောက်မှာ ၈ လ ရှိခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ ဝင်ရောက်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှု ပမာဏက အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၉၁ ဘီလီယံ သာရှိခဲ့ကာ ဆယ်စုနှစ်တစ်ခုအတွင်း အနိမ့်ဆုံး ပမာဏထိ ကျဆင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ၆ လဘတ်ဂျတ်မှာလည်း အမေရိကန်ဒေါ်လာသန်း ၆၀၀ကျော်သာ ဝင်ရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၂၁ ဖေဖော်ဝါရီနောက်ပိုင်း ဖြစ်ခဲ့တဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ သိသိသာသာကျဆင်းခဲ့သလို မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအများဆုံး ထိပ်တန်းနှစ်နိုင်ငံဖြစ်တဲ့ တရုတ်နဲ့ စင်ကာပူတို့ရဲ့ ဝင်ရောက်မှုတွေလည်း သိသိသာသာ ကျဆင်းခဲ့ပါတယ်။

မြန်မာနိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ နိုင်ငံတကာရဲ့စီးပွားရေးပိတ်ဆို့မှုတွေကြောင့် အရင်ဝင်ရောက်ထားပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု ပြန်လည်ထွက်ခွာနေလို့ တိုင်းပြည်ဝင်ငွေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ကြီးကြီးမားမား ဆုံးရှုံးနေရပေမဲ့ စစ်ကောင်စီကတော့ ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်နေဆဲပါ။

စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ယာဉ်တွေ ထုတ်လုပ်တဲ့ကဏ္ဍနဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဓာတ်မြေသြဇာ ထုတ်လုပ်တဲ့ကဏ္ဍ၊ ဘိလပ်မြေနဲ့ သံမဏိ ထုတ်လုပ်တဲ့လုပ်ငန်းကဏ္ဍတွေ၊ ဆေးဝါးနဲ့ ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်တဲ့လုပ်ငန်းကဏ္ဍ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းကဏ္ဍ စတဲ့ကဏ္ဍတွေကို ရင်းနှီးမြှုပ်နှံမှုတွေ ဦးစားပေးဖိတ်ခေါ်ထားပါတယ်။

မြန်မာပြည်မှာ လက်ရှိကြုံတွေ့နေရတဲ့ အခြေအနေတွေက နိုင်ငံရေးပြဿနာနဲ့ စီးပွားရေးပြဿနာကို တပြိုင်တည်း ရင်ဆိုင်နေရတာဖြစ်လို့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာဖို့ မလွယ်ကူနိုင်ဘူးလို့ စီးပွားရေး လေ့လာသူတွေက သုံးသပ်ထားကြပါတယ်။

စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်းမှာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်တဲ့ ပမာဏ သိသိသာသာ ကျဆင်းသွားတဲ့အပြင် ပြည်တွင်းမှာ ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုတွေ ပြန်ထွက်ကြတာလည်းရှိပါတယ်။

မကြာသေးခင်ကလည်း အော်ရီဒူးဟာ မြန်မာနိုင်ငံက ဆက်သွယ်ရေးလုပ်ငန်းကို ရောင်းချပြီး မြန်မာနိုင်ငံထဲက ထွက်သွားခဲ့ပါတယ်။

တဖက်မှာလည်း ကျပ်ငွေတန်ဖိုး ထိုးကျတာ၊ စက်သုံးဆီဈေးနှုန်းကြီးမြင့်တာ၊ လျှပ်စစ်မရတာ၊ ကုန်ဈေးနှုန်းကြီးမြင့်တာ၊ နယ်မြေလုံခြုံမှုမရှိတာတွေကြောင့် စီးပွားရေး လုပ်ငန်းတွေရဲ့ လည်ပတ်မှုလည်း အကြီးအကျယ် ထိခိုက်နေပါတယ်။

https://burmese.dvb.no/archives/553746

---